

# လူမျိုးရေးတင်းမာမှုများ မြင့်တက်လာသလား?

## အာရကန်ဒေသတွင်း လူမှုသဟဇာတရှိမှုဆိုင်ရာ မေးခွန်းများကို လေ့လာဆန်းစစ်ခြင်း

အာရက္ခလေ့လာရေးစင်တာ

### အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ် ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

မျက်နှာဖုံးဓာတ်ပုံ –the Arakan Bay News

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org

**လူမျိုးရေး တင်းမာမှုများ မြင့်တက်လာသလား?**

**အာရကန်ဒေသတွင်း လူမှုသဟဇာတရှိမှုဆိုင်ရာ မေးခွန်းများကို လေ့လာဆန်းစစ်ခြင်း**

# Table of Contents


အစီရင်ခံစာ အကျဉ်းချုပ် ..... 4
အပိုင်း (၁) မိတ်ဆက် ..... 6
အပိုင်း (၂) သမိုင်းနောက်ခံအကြောင်းအရာများ ..... 9
အပိုင်း (၃) နိုင်ငံရေးအဖွင့်ကာလ (၂၀၁၀ - ၂၀၂၀) ..... 14
(၁) ၂၀၁၀ ရွေးကောက်ပွဲ ..... 14
(၂) ၂၀၁၂ အုပ်စုလိုက် အကြမ်းဖက်မှု ..... 14
(၃) ၂၀၁၅ ရွေးကောက်ပွဲ ..... 15
(၄) ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်၏ တက်ကြွလှုပ်ရှားမှုများ ..... 16
(၅) AA ပေါ်ပေါက်လာမှုနှင့် ရိုဟင်ဂျာများနှင့် ထိတွေ့ဆက်ဆံမှုများ ..... 18
(၆) အိုင်စီဂျေမှ ရိုဟင်ဂျာဆိုင်ရာ တရားရေးအခင်းအကျင်း နှင့် ရက္ခိုင်ဒေသမှ ပုဂ္ဂိုလ်များ၏ အမြင် ..... 19
(၇) ရက္ခိုင်ဒေသမှ ၂၀၂၀ ရွေးကောက်ပွဲများ ..... 20
အပိုင်း (၄) ၂၀၂၁ အာဏာသိမ်းမှုကာလ နောက်ပိုင်း ..... 23
(၁) အာဏာသိမ်းမှုအား ရက္ခိုင်ဒေသမှ သက်ဆိုင်သူ ပုဂ္ဂိုလ်များ၏ အမြင် ..... 23
(၂) ရိုဟင်ဂျာ အသိုင်းအဝိုင်း၏ တုန့်ပြန်မှု ..... 24
(၃) ရိုဟင်ဂျာ အကျပ်အတည်း နှင့် အာရက္ခတပ်တော်၏ မူဝါဒ ..... 25
(၃.၁) အာရကန်ဒေသတွင်းရှိ ရိုဟင်ဂျာများအပေါ် ULA ၏ ချဉ်းကပ်မှုများ ..... 26
(၄) အာဏာသိမ်းပြီးနောက် ရခိုင်ပြည်တွင်း လူမှုသဟဇာတ ဖြစ်မှု အခြေအနေ ..... 27
(၅) ရိုဟင်ဂျာ နေရပ်ပြန်ရေး ဘင်္ဂလားဒေ့ရှ်နှင့် ULA ကြား ဆက်ဆံရေး ..... 29
(၆) SAC မှ ရိုဟင်ဂျာများအား စစ်မှုထမ်းစေခိုင်းခြင်း နှင့် ULA အား စွပ်စွဲချက်များ ..... 30
အပိုင်း (၅) နိဂုံး ..... 32

# အစီရင်ခံစာ အကျဉ်းချုပ်

- မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်သည် လူမျိုးရေးနှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခနောက်ခံရှိသော ဒေသတစ်ခုဖြစ်ပြီး၊ မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများကို တွေ့မြင်ခဲ့ကြရသည်။ ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာ လူမျိုးတို့အကြား နှစ်ကာလရှည်ကြာသော တင်းမာမှုများသည် အငြင်းပွားဖွယ်ရာ သမိုင်းကြောင်းများနှင့် နိုင်ငံရေးလုပ်ဇာတ်အစီအမံများပေါ် အခြေတည်ခဲ့သည်။ ထိုသို့တင်းမာမှုများသည် လက်ရှိအခြေနေထိလည်း ဆက်လက်တည်ရှိနေပြီး၊ လတ်တလော နိုင်ငံရေး အခင်းအကျင်းများတွင်လည်း သက်ရောက်မှုရှိနေသည်။

- ရခိုင်နှင့် ရိုဟင်ဂျာ နှစ်ဖက်လူ့အဖွဲ့အစည်းသည် မတူညီသော သမိုင်းကြောင်းဆိုင်ရာ အမြင်များကို ဆွဲကိုင်ထားကြသည်။ ရခိုင်လူမျိုးများအမြင်တွင် ရိုဟင်ဂျာတို့သည် ဗြိတိသျှအုပ်ချုပ်စဉ်ကာလအတွင်း ရွှေ့ပြောင်းဝင်ရောက်လာသော ဘင်္ဂလီလူမျိုးများအဖြစ် ရှုမြင်ကြပြီး၊ ရိုဟင်ဂျာလူမျိုးတို့၏ ဇာတ်ကြောင်းများသည် ၎င်းတို့၏ ရခိုင်ပြည်တွင်း ကာလရှည်ကြာစွာ တည်ရှိမှုနှင့် ဌာနေတိုင်းရင်းသား ဖြစ်မှုတို့အပေါ် အခြေခံသည်။ ထိုသို့သော မတူညီသော သမိုင်းဆိုင်ရာဇာတ်ကြောင်းများသည် နှစ်ဖက်လူ့အဖွဲ့အစည်းကြား မယုံကြည်မှုကို တိုးမြင့်စေခဲ့ပြီး လူမှုသဟဇာတဖြစ်မှုအတွက် စိန်ခေါ်မှုဖြစ်စေသည်။ လူဦးရေနှင့် လူမျိုးစုအထောက်အထားဆိုင်ရာ အငြင်းပွားမှုများသည် လက်ရှိတင်းမာမှုများ၏ အဓိကအချက်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင် နှစ်ဖက်လူ့အဖွဲ့အစည်းသည် မတူညီသော နိုင်ငံရေးရည်မှန်းချက်များ ထားရှိလာခဲ့ကြပြီး၊ တချို့သော အဖွဲ့များကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ကြိုးပမ်းနေချိန်တွင် တချို့သောအဖွဲ့များသည် လက်နက်ကိုင်တော်လှန်မှုများတွင် ပါဝင်လာကြသည်။ ရံဖန်ရံခါ မဟာမိတ်အဖြစ်ပေါင်းစည်းမှုများ ရှိခဲ့ကြသော်လည်း လူ့အဖွဲ့အစည်းနှစ်ခုကြား ကာလကြာရှည်စွာ အမြစ်တွယ်နေသော ယုံကြည်မှုမရှိခြင်းသည် မဟာမိတ်အဖြစ်ပေါင်းစည်းခြင်း၏ ရေရှည်တည်တံ့မှုကို အဟန့်အတားဖြစ်စေသည်။

- ၂၀၁၀မှ ၂၀၂၀ အထိ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ရွေးကောက်ပွဲဆိုင်ရာ ငြင်းခုန်မှုများ၊ လူမျိုးရေးအကြမ်းဖက်မှုများ၊ အာရက္ခတပ်တော် (AA) နှင့် အာရကန်ရိုဟင်ဂျာကယ်တင်ရေး တပ်မတော် (ARSA) ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များ ထွန်းကားလာခြင်းသည် ပြိုင်ဘက်နှစ်ဖက်အကြား ပိုမိုခွဲထွက်မှုများ ဖြစ်စေခဲ့သည်။ ၂၀၁၂ လူမျိုးရေးပဋိပက္ခ နှင့် ၂၀၁၆/၁၇ ရိုဟင်ဂျာအကျပ်အတည်းကဲ့သို့သော ဖြစ်ရပ်များသည် လူ့အဖွဲ့အစည်းများအကြား ခွဲခြားမှုများ ဖြစ်ပေါ်လာခဲ့ပြီး နှစ်ဖက်လူမျိုးစုများအတွက် ပြင်းထန်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ အာရက္ခတပ်တော် (AA) ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များ ကြီးထွားလာခြင်း နှင့် တရုတ်၊ အိန္ဒိယရင်းနှီးမြှုပ်နှံမှုများက အာရကန်ဒေသ၏ မဟာဗျူဟာမြောက်အရေးပါမှု ဖော်ပြနေသည်။

- ၂၀၂၀ ရွေးကောက်ပွဲ နှင့် ၂၀၂၁ စစ်အာဏာသိမ်းခြင်းတို့က စိန်ခေါ်မှုအသစ်များဖြစ်ပေါ်စေခဲ့ပြီး၊ နိုင်ငံရေး အခင်းအကျင်း နှင့် လူမျိုးရေး တင်းမာမှုများပေါ်တွင် များစွာ သက်ရောက်မှုရှိသည်။ ထိုသို့ အခက်အခဲ၊ စိန်ခေါ်မှုများ ပြည့်နှက်နေခဲ့သော်လည်း နှစ်ဖက်လူ့အဖွဲ့အစည်းမှ လူငယ်များအကြား လူမှုရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးတက်လာခဲ့သည်ကို တွေ့မြင်ရသည်။ သို့သော် ရိုဟင်ဂျာလူမျိုးများအတွက် ဖွဲ့စည်းပုံဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့် လှုပ်ရှားခွင့်ကန့်သတ်မှုများ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် ရခိုင်ပြည်တွင် သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ အာရက္ခတပ်တော် (AA) သည် စစ်အာဏာရှင်ဆန့်ကျင်ရေး ကြိုးပမ်းမှုထက်

အာရကန်ဒေသတွင်း ဒေသန္တရအုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေး ဇောက်ချ လုပ်ဆောင်လာသည်ကို တွေ့ရသည်။ အာဏာသိမ်းစတွင် ရခိုင်ဒေသရှိ နိုင်ငံရေးပါတီများသည် စစ်အစိုးရနှင့် ပူးပေါင်းမှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကင်းကွာလာသည်ကို တွေ့ရသည်။ အာရက္ခတပ်တော်၏ မဟာဗျူဟာမှာ ဒေသတွင်း အုပ်ချုပ်ရေးအာဏာကိုပိုမိုချဲ့ထွင်ရန်နှင့် ဒေသဆိုင်ရာ ပြဿနာများကို စီမံဖြေရှင်းရန်ဖြစ်ပြီး၊ ပိုမိုကျယ်ပြန့်သည့် စစ်အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် တိုက်ရိုက်ပါဝင်ခြင်းကို ရှောင်ရှားရန်ဖြစ်သည်။ ရိုဟင်ဂျာ အသိုင်းအဝိုင်းအတွက်မူ စစ်အာဏာသိမ်းခြင်း သည် ၎င်းတို့၏ ဆိုးရွားနှင့်နေခဲ့ပြီးသောအခြေအနေကို ပိုမိုဆိုးရွားလာစေပြီး၊ ဖမ်းဆီးခံရမှုများနှင့် အထောက်အပံ့ပစ္စည်း ပိတ်ဆို့ခံရခြင်းများ တိုးမြင့်လာခဲ့သည်။ အာဏာသိမ်းဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ အရှိန်အဟုန်ဖြင့် အင်အားကောင်းနေဆဲဖြစ်သော်လည်း၊ စစ်အစိုးရ၏ လုပ်ဆောင်ချက်များသည် ရိုဟင်ဂျာအကြပ်အတည်းကို ပိုမိုဆိုးရွားစေကာ ရိုဟင်ဂျာများ ဘေးကင်းလုံခြုံစွာနေရပ်ပြန်နိုင်ရေး မျှော်လင့်ချက်မှာ ဝိုးတိုးဝါးတား ဖြစ်လာခဲ့သည်။

- ရိုဟင်ဂျာအရေး နှင့် သက်ဆိုင်သည့် ULA/AA ၏ မူဝါဒသည် ရိုဟင်ဂျာများကို ဒေသန္တရအုပ်ချုပ်ရေးတွင် ပါဝင်လာစေပြီး၊ နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေးကို တိုးမြှင့်စေရန် ရည်ရွယ်ချက်ဖြင့် သိမ်မွေ့သော ချဉ်းကပ်မှုကို ထင်ဟပ်စေသည်။ ထိုသို့ နိုင်ငံတကာအထောက်အပံ့များ ပံ့ပိုးပေးရေးအတွက် နှိုးဆော်ပေးခြင်းနှင့် ရိုဟင်ဂျာများအား ဒေသန္တရအုပ်ချုပ်ရေးတွင် ပါဝင်စေရန် အခွင့်အလမ်းပေးခြင်းက လူမှုသဟဇာတဖြစ်မှုကို မြင့်တက်စေခဲ့ပြီး၊ နှစ်ဖက်လူ့အဖွဲ့အစည်း ပါဝင်နိုင်သော ရပ်ရွာတွင်အခမ်းအနားများ စီစဉ်ပေးခြင်းတို့ဖြင့် "မူဆလင်ဆန့်ကျင်ရေး" အမုန်းစကားများမှာ အထိုက်အလျောက် လျော့နည်းခဲ့သည်။ သို့ရာတွင် ရိုဟင်ဂျာ နေရပ်ပြန်ပို့ရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍနှင့် စစ်မှုထမ်းဥပဒေကြောင့် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများသည် ရခိုင်ပြည်တွင်းငြိမ်းချမ်းရေးနှင့် နားလည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ရှုပ်ထွေးစေသည်။

- အခြားတစ်ဖက်တွင် ရိုဟင်ဂျာနေရပ်ပြန်ပို့ရေး ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဆွေးနွေးမှုများတွင် ULA/AA ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည်။ ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း မတည်ငြိမ်မှုများနှင့် စစ်ရေးအရ မှန်းဆမရသော အခြေအနေများသည် ဆွေးနွေးပွဲရလဒ်၏ တိုးတက်မှုကို နှောင့်နှေးစေသည်။ မည်သို့ပင်ဆိုစေကာမူ ULA/AA ၏ အခန်းကဏ္ဍသည် ရိုဟင်ဂျာများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် အရေးပါနေဆဲဖြစ်ပြီး ပြောင်းလဲလာသော အပစ်အခတ်ရပ်စဲရေး နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအပေါ်မူတည်၍ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ရပ်တည်ချက်မှာ အပြောင်းအလဲ ဖြစ်လာနိုင်ချေရှိသည်။

- စစ်ကောင်စီမှ ရိုဟင်ဂျာလူငယ်များအား စစ်သားစုဆောင်းခြင်း နှင့် ရိုဟင်ဂျာစစ်သွေးကြွများ အာဏာသိမ်း စစ်ကောင်စီဖြင့် ပူးပေါင်းခြင်းတို့သည် လူ့အဖွဲ့အစည်းနှစ်ခုကြား ဆက်ဆံရေးကို တင်းမာစေခဲ့သည်။ မြန်မာစစ်တပ်၏ လုပ်ဆောင်ချက်များသည် ပဋိပက္ခနှင့် မတည်မငြိမ်ဖြစ်မှုကို ဖြစ်ပေါ်စေပြီး ရိုဟင်ဂျာအကျပ်အတည်းကို ပိုမိုဆိုးရွားစေသည်။ ရိုဟင်ဂျာအသိုင်းအဝိုင်းမှ မြန်မာစစ်တပ် နှင့် အာရက္ခတပ်တော်တို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များသည် ထိုအကျပ်အတည်းကို ဖြေရှင်းရန်အတွက် စစ်မှန်သော မြေပြင်အချက်အလက်နှင့် ဘက်မျှသောချဉ်းကပ်မှု လိုအပ်နေဆဲဖြစ်သည်။

# အပိုင်း (၁) မိတ်ဆက်

ရခိုင်ပြည်ဟု လူသိများသော အာရကန်ဒေသသည် ဘင်္ဂလားပင်လယ်အော် အရှေ့ဖက်တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ အခြားသောဒေသများနှင့် ရခိုင်ရိုးမ တောင်တန်းတစ်လျှောက် ထိစပ်လျက်ရှိသည်။ ရခိုင်ပြည်သည် နိုင်ငံရေး အရှုပ်အထွေးများနှင့် မဟာဗျူဟာ အားပြိုင်မှုများ ရှိသည့်ဒေသ တစ်ခုဖြစ်သည်။ ယင်းသည် ၂၀၁၆-၁၇ ခုနှစ် ရိုဟင်ဂျာ အရေးကိစ္စနှင့် အာရက္ခတပ်တော်၏ လက်နက်ကိုင် တော်လှန်ရေး လုပ်ရှားမှု များ ပေါ်ပေါက်ခဲ့သည့် ဒေသလည်း ဖြစ်သည်။ ရခိုင်ပြည်နယ်သည် တရုတ်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့၏ ရင်းနှီးမြုပ်နှံမှုများနှင့် ဒေသတွင်း အားပြိုင်မှုအတွက် ပထဝီအနေအထားအရ အလွန်အရေးကြီးသော ဒေသတစ်ခုလည်း ဖြစ်သည်။ ရခိုင်လူမျိုးသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးတစ်စု ဖြစ်ပြီး လူဦးရေ၂ သန်း ခန့်ရှိသည်။

လူအချို့သေဆုံးခဲ့ရပြီး လူပေါင်း ၁၄၀,၀၀၀ ကျော် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည့် ၂၀၁၂ လူမျိုးရေး ပဋိပက္ခကြောင့် ရခိုင်ပြည်နယ်၏ အခြေအနေသည် ပိုမို ရှုပ်ထွေး သွားခဲ့ရသည်။ မြန်မာ နိုင်ငံ၏ အခြားသော ဒေသများနည်းတူ ရခိုင်ပြည်တွင်လည်း မတူကွဲပြားသော လူမျိုးစုများ နေထိုင်ကြသည်။ ပြည်နယ် လူဦးရေ ၃.၂ သန်း ၏ ၆၀ % သည် ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများ ဖြစ်ပြီး ရိုဟင်ဂျာ လူမျိုး ၃၀ % ခန့် ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာ နှင့် နတ်ကိုးကွယ်ကြသည့် ချင်း လူမျိုး၊ အစ္စလာမ် ဘာသာ ကိုးကွယ်သော လူနည်းစု ကမန် လူမျိုးများ၊ အခြားသော မျိုးနွယ်စုငယ်များ ဖြစ်သည့် မြို၊ ခမီ၊ ဒိုင်းနက် နှင့် မရမာကြီး လူမျိုး စုစုပေါင်း ၁၀ % ကျော် နေထိုင်ကြသည်။

ရခိုင်ပြည်နယ်သည် သမိုင်းတစ်လျှောက်တွင်လည်း ဒေသတွင်းနှင့် လူမျိုးစုများကြား မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် ဒေသတစ်ခုလည်း ဖြစ်သည်။ ၂၀၁၂ ခုကပင် ရခိုင်ပြည်နယ်သည် လူမျိုးရေးပဋိပက္ခများ ပိုမို ပြင်းထန်လာပြီး လက်နက်ကိုင်ပဋိပက္ခများ ကြောင့် ပြည်သူများ အိုးမဲ့ အိမ်မဲ့ ဖြစ်ခြင်း၊ အစားအသောက် လုံလုံလောက်လောက် မရရှိခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပျက်စီးမှု ဒဏ်နှင့် ရင်ဆိုင်နေကြရသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရခိုင်လူမျိုးနှင့် ရိုဟင်ဂျာ လူမျိုး များကြား တင်းမာမှုသည် လက်နက်ကိုင် ပဋိပက္ခသို့ ရောက်ရှိသွားပြီး ARSA နှင့် မြန်မာ စစ်တပ်ကြား ၂၀၁၆ စစ်ပွဲ အခြေအနေသို့ ရောက်ရှိသွားသည်။ ထိုနောက် ၂၀၁၈ ခုနှစ်တွင်လည်း မြန်မာ စစ်တပ်နှင့် ရခိုင့်တပ်တော်တို့ကြား စစ်ရေး ပဋိပက္ခကြောင့် ဒေသတွင်း လူမှု စီးပွားရေး အခြေအနေ ပိုဆိုးရွားစေခဲ့သည်။ ထိုကြောင့် ထိုသို့သော လူမျိုးရေး ဆိုင်ရာ နိုင်ငံရေးရှုပ်ထွေးမှုများကြောင့် ဒေသတွင်းရှိ လူမျိုးစုများကြားတွင် အတူယှဉ်တွဲနေထိုင်ရေးနှင့် လူမှုသဟဇာတ ဖြစ်ရေးတို့တွင် စိန်ခေါ်မှုများ ပေါ်ပေါက်လာစေသည်။

အခြားသော ကမ္ဘာ့အငြင်းပွားမှုများနည်းတူ ရခိုင်ပြည်နယ်တွင် လူမှုသဇာတအခန်းကဏ္ဍသည် အလွန်ထိလွယ်ရှလွယ်သော အခြေအနေသို့ ရောက်ရှိခဲ့သည်။ လူမှု သဟဇာတ ဆိုသည်မှာ လူမျိုးစုများ ညီညွတ်ရေး နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး ဖြစ်သည်။ လူမှု သဟဇာတ ခိုင်မာသော လူ့အသိုင်းအဝိုင်း များသည် ပိုမို အောင်မြင်တတ်ပြီး ပြင်ပ စိန်ခေါ်မှု များကို အတူတကွ ဖြေရှင်းနိုင်ကြောင်း နှင့် စီးပွားရေးရာ တွင် အောင်မြင်ကြကြောင်း တွေ့ရသည်။ လူမှုသဟဇာတ အကြောင်းကို လေ့လာခြင်းဖြင့် ကမ္ဘာ့အနှံ့ဖြစ်စဉ်များ၊ လူမျိုးစုနှင့် အုပ်စုများ၊ မညီမျှခြင်းများ၊ လူမှုရေးဆိုင်ရာ အတားအဆီးများကို နားလည်နိုင်သည်။ လူမှုသဟဇာတသည် မတူကွဲပြား ခြင်းကိုသာ ဆိုလိုသည် မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းတစ်ခုက မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှင့် မည်သို့ အတူတကွ လုပ်ဆောင်နိုင်သည်ကိုလည်း ဆိုလိုသည်။ Dick Stanley ၏ အဆို "လူများ၏ အသက်ရှင် ရပ်တည်ရေးနှင့် အောင်မြင်လာရန် တစ်ဦးနှင့် တစ်ဦး အတူတကွ လက်တွဲ ပူးပေါင်းဆောင် ရွက်ရန် ဆန္ဒဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုချက်က ဤအခြေအနေနှင့် အံကိုက်သည်။ ဤသည်တွင် လူတစ်ဦးနှင့် တစ်ဦး၏ ဆက်နွယ်မှု အင်အား နှင့် အရည်အသွေး တို့ ပါဝင်ပြီး ပိုင်ဆိုင်မှု၊ ယုံကြည်မှု နှင့် အပြန်အလှန် လေးစားမှု များ ပါဝင်သည်။ ဆိုသည်မှာ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု၊ အားပေး ကူညီမှု နှင့် ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် လူမှုဆက်သွယ်ရေး၊ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် မျှတသော အခွင့်အလမ်း ရရှိရေး စသော စံတန်ဖိုးများ ပါဝင်သော

ကောင်းမွန်စွာ တည်ဆောက်ထားသည့် အပြန်အလှန် နားလည်မှုရှိသော အသိုင်းအဝိုင်း တစ်ခုသည် အထက်တန်းစား လူမှု သဟဇာတ ဖြစ်သည်ဟု ဆိုနိုင်သည်။

လူဦးရေ ၃.၂ သန်းခန့် နေထိုင်သော ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ဒုတိယ အဆင်းရဲဆုံး ပြည်နယ် ဖြစ်သောကြောင့် ဒေသတွင်း လူမှုသဟဇာတ ဖြစ်ရေးသည် အလွန်အရေးပါသည်။ ပဋိပက္ခများသည် လူတို့၏ နေ့စဉ်ဘဝနေထိုင်ရေး အပေါ် အလွန် သက်ရောက်ပြီး အစိုးရ၏ လျစ်လျူရှုထားမှုနှင့် လုံလောက်သော ဝန်ဆောင်မှုများ မရရှိသည့် လူနည်းစုမျိုးနွယ်စုများနှင့် ဘာသာရေး အုပ်စုများအပေါ်တွင် အဓိကသက်ရောက်သည်။ ဤသည်ကား လူမျိုးစု အချင်းချင်းကြား ယုံကြည်မှု အားနည်းခြင်း၊ အစိုးရ အပေါ် ယုံကြည်မှု နည်းခြင်းနှင့် ဒေသအာဏာပိုင်များနှင့် လူမှု အဖွဲ့အစည်းများကြားတွင် ဆက်သွယ်ဆောင်ရွက်မှုအားနည်းခြင်းများကို အခြေခံသည်။ ပြည်သူ့ဝန်ဆောင်မှုများတွင် ကန့်သတ်ခံရခြင်း၊ အဆောက်အအုံ ၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ လူနေထိုင်မှု အဆင့်အတန်းနိမ့်ခြင်း နှင့် တရားဥပဒေ စိုးမိုးမှုမရှိခြင်း စသည်တို့ကြောင့် ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းများကြားတွင် အပြန်အလှန် မယုံကြည်မှုများ နှင့် စိုးရိမ်းကြောက်ရွံ့မှုများ ဖြစ်ပေါ်သည်။

ရခိုင်နှင့် မူဆလင်များကြားတွင် မကြာခဏ ပဋိပက္ခဖြစ်ကြသော်လည်း ရခိုင်ပြည်နယ်သည် မတူကွဲပြားသော လူမျိုးပေါင်းစုံ နေထိုင်ကြသည့် ဒေသ တစ်ခုဖြစ်သည်။ ပြည်နယ်၏ လူသားချင်း စာနာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေး စဉ်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမျိုးမျိုးသော အုပ်ချုပ်ရေး မဟာဗျူဟာ များ အကောင်အထည်ဖော်ခဲ့သည်။ ရခိုင်ပြည်နယ်သည် မတူကွဲပြားခြင်း၊ ပထဝီ အနေအထား အရ မဟာဗျူဟာ ကျခြင်းနှင့် လူသား အရင်းအမြစ် ရှိခြင်း စသည်တို့ကြောင့် ရခိုင်ပြည်သူများသည် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ပိုင်ဆိုင်ရန် အလားအလာကောင်း ရှိသည်။ သို့သော်လည်း ရခိုင်ပြည်နယ်တွင် အစ္စလာမ်- ဗုဒ္ဓဘာသာ ကွဲပြားမှုများကြောင့် ရိုဟင်ဂျာများအနေဖြင့် AA အပေါ် ယုံကြည်မှု အလွန်နည်းသည်။ မူဆလင် ရိုဟင်ဂျာများက ဗုဒ္ဓ AA သည် ဗမာ လူမျိုးကြီး အသိုင်းအဝိုင်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် နားလည်ထားကြသည်။ ထိုကြောင့် လူများစုနှစ်စု ဖြစ်သည့် ရခိုင်နှင့် ရိုဟင်ဂျာများ အကြား မယုံကြည် အားနည်းခြင်းကြောင်းနှင့် ၎င်းတို့၏ သမိုင်းကြောင်းဆိုင်ရာ လက်ခံထားမှုများကြောင်းလည်း အပြန်အလှန် ဆက်သွယ်ရေးတွင် အခက်အခဲတစ်ခု ဖြစ်စေသည်။

ဤ report သည် Qualitative research နည်း ဖြင့် ရေးသားထားပြီး တိုက်ရိုက် လူ ပုဂ္ဂိုလ် အရင်းအမြစ် နှင့် report များ၊ ပညာရှင်များ၏ ရေးသားချက်များ၊ ဒေသတွင်း သတင်းရင်းမြစ်များ၊ နိုင်ငံတကာ အဆင့် သတင်းဌာနများနှင့် နိုင်ငံတကာ သတင်းစာများကဲ့သို့သောထပ်ဆင့် အရင်းအမြစ်များကို အဓိက အခြေခံ၍ ရေးသားထားသည်။ ထို့အပြင် လေ့လာရေး ခရီးများနှင့် ရခိုင်ပြည်နယ်တွင်းရှိ CAS ဝန်ထမ်းများ၏ အတွေ့အကြုံများက ကွာဟချက်များကို ဖြည့်စွက်နိုင်ခဲ့ပြီး လုံလောက်သော အတွေးအမြင်များလည်း ထည့်သွင်းနိုင်ခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာ ၊ လူမှုရေး ဆိုင်ရာ နှင့် နိုင်ငံရေး ဆိုင်ရာ အားပြိုင်မှုများနှင့် ခေတ်အစစမှ ယနေ့အထိ ရခိုင်နှင့် ရိုဟင်ဂျာများ အကြား လူမှုသဟ ဇာတ အပေါ် လွှမ်းမိုးများအကြောင်းကို လေ့လာထားသည်။ ဤလေ့လာမှုတွင် အဓိကကဏ္ဍ (၅) ခု ပါဝင်ပြီး ကဏ္ဍတစ်ခုစီတွင် ရခိုင်ပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အားပြိုင်မှုများနှင့် လူမှုသဟဇာတအပေါ် ၎င်းတို့၏ သက်ရောက်မှုများကို စူးစမ်းလေ့လာ ရေးသားထားသည်။ ဦးစွာ ဗြိတိသျှခေတ် ရွှေ့ပြောင်း သွားလာမှုများ၊ ၁၉၄၂ ခု လူမျိုးရေးအကြမ်းဖက်မှုနှင့် မြန်မာ့လွတ်လပ်ရေးမှ ၂၀၁၀ ခုနှစ်ထိ နိုင်ငံရေး လုပ်ရှားမှုများ အကြောင်းကို သမိုင်းကြောင်းနှင့် ဆက်စပ်ပြီး အကျဉ်းချုပ်ရေးသား ထားသည်။ ထို့နောက် ၂၀၁၂ လူမျိုးရေး အကြမ်းဖက်မှု၊ ရွေးကောက်ပွဲ နှင့် ARSA နှင့် AA တို့ ပေါ်ပေါက်လာခြင်းအကြောင်းများ အပါအဝင် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ နိုင်ငံရေး လှုပ်ရှားမှုများကို လေ့လာရေးသားထားသည်။ ထို့နောက် ၂၀၂၁ ခု စစ်အာဏာသိမ်းမှုကြောင့် ULA က အစပျိုးသည့် လူမှု သဟဇာတနှင့် ရိုဟင်ဂျာများနှင့် ဆက်သွယ်ဆောင်ရွက်မှုများအပေါ် သက်ရောက်မှုများကို သုံးသပ်ရေးသားထားသည်။ နောက်ဆုံးတွင်မူ အချို့သော ဖြစ်စဉ်များကြောင့် လူမှုသဟဇာတအပေါ် ထိခိုက်မှုများကိုလည်း ရေးသားထားသည်။

ဤသုံးသပ်ချက်များမှ တစ်ဆင့် ရခိုင်နှင့် ရိုဟင်ဂျာများ အကြား ဆက်ဆံရေးကို နားလည်နိုင်စေရန် ရည်ရွယ်ပြီး အနာဂတ်ကာလတွင် ဒေသတွင်း ပိုမိုငြိမ်းချမ်းစေရန် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို အကြံပြု ရေးသားထားသည်။

# အပိုင်း (၂) သမိုင်းနောက်ခံအကြောင်းအရာများ

လူမျိုးအမှတ်အသားတည်ရှိမှုနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုသည် ရခိုင်နှင့် ရိုဟင်ဂျာ လူမျိုးနှစ်စုကြား လူမှုရေး တင်းမာစေသော အဓိက အချက်တစ်ချက် ဖြစ်သည်။ ရိုဟင်ဂျာများနှင့် ပတ်သက်၍ ရခိုင်လူမျိုးများ၏ သမိုင်းအဆိုများကို ရိုဟင်ဂျာများနှင့် အခြားသော ကျွမ်းကျင်သူများက ငြင်းဆိုကြသည်။ ရိုဟင်ဂျာများက ၎င်းတို့ကို ရိုဟင်ဂျာလူမျိုးဟု သုံးနှုန်းရန်တောင်းဆိုချက်ကို ရခိုင်အသိုင်းအဝိုင်းက ငြင်းပယ်သည်ကို ကြည့်ခြင်းဖြင့် လူမျိုးနှစ်ခုကြား မကျေနပ်ချက်များကို သိသာထင်ရှားစေသည်။ ရခိုင်နှင့် ရိုဟင်ဂျာ လူမျိုးနှစ်ခုစလုံးက ၎င်းတို့၏ မူရင်းသမိုင်းနောက်ခံနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုး ရှိကြပြီး တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန် စွပ်စွဲမှုများလည်း ရှိသည်။

ရိုဟင်ဂျာများအား ထောက်ခံသော ပြောဆိုချက်များနှင့် စတင်လျှင် ၎င်းတို့၏ မူလ သမိုင်းနောက်ခံနှင့် ပတ်သက်၍ အဓိက အချက် (၄)ကို အခိုင်အမာ ပြောဆိုကြကြောင်း ဒေါက်တာ ကျော်မင်းထိုက်က ရှင်းပြသည်။ ပထမ အချက်အနေဖြင့် အာရပ်ဒေသမှ မင်းသားတစ်ပါးသည် ၇ ရာစုတွင် ရခိုင်ပြည်နယ် မြောက်ပိုင်း ဘင်္ဂလား နယ်စပ်သို့ ရောက်ရှိခဲ့ကြောင့် ပြောဆိုချက်ဖြစ်သည်။ ဒုတိယအနေဖြင့် ၈ ရာစုတွင် အာရပ်ကုန်သည်များ သင်္ဘောပျက်သွားသောကြောင့် မူဆလင်များ အာရကန်ဒေသသို့ ရောက်ရှိလာသည်ဟု ဆိုကြသည်။ တတိယ ပြောဆိုချက်မှာ ပြည်မှထွက်ပြေးခဲ့ရသည် အာရကန် ဘုရင် မင်းခမောင်းကို ဘင်္ဂလား ဘုရင်တစ်ပါးက ခရစ်နှစ် ၁၄၃၀ ခုနှစ်တွင် ပြန်လည်နန်းတင်သည့်အချိန်တွင် ဘင်္ဂလားဘုရင်၏ မူဆလင်စစ်သည်များ အာရကန်ဒေသသည် ရောက်လာကြောင်း ဆိုကြသည်။ နောက်ဆုံး အချက်မှာ ၁၆ ရာစုနှင့် ၁၇ ရာစုတွင် ဘင်္ဂလားကို အာရကန်ဘုရင် အုပ်ချုပ်စဉ်က အာရကန် ဘုရင်နိုင်ငံတွင် မူဆလင်များ ပျံ့နှံ့သွားကြောင်း ဆိုကြသည်။

သို့သော်လည်း ရခိုင်လူမျိုး သမိုင်းပညာရှင် ဒေါက်တာ အေးချမ်းက အောက်ပါအတိုင်း ပြောဆိုထားသည်။ အာရကန်ရှိ မူဆလင်များနှင့် ပတ်သက်၍ အုပ်စု ၄ စု ခွဲနိုင်သည်။ ယင်းတို့မှာ မေယုဒေသမှ စစ်တကောင်း ဘင်္ဂလီ အုပ်စု၊ ယခု မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့တွင် နေထိုင်လျက်ရှိသည့် မြောက်ဦးခေတ် ခရစ်နှစ် ၁၄၃၀ ခု မှ ၁၇၈၄ ထိ အာရကန်ဒေသရှိ မူဆလင်များမှ ဆင်းသက်လာသူများ အုပ်စု၊ ရမ်းဗြဲကျွန်းမှ မူဆလင်ကုန်သည်များမှ ဆင်းသက်လာသည့် ရခိုင်မျိုးနွယ်စုဝင် ကမန်လူမျိုးများ အုပ်စု နှင့် ဗမာဘုရင်က ၁၇၈၄ ခုတွင် အာရကန်နိုင်ငံကို သိမ်းပိုက်ပြီးနောက် သံတွဲ ခရိုင်ကို ကျူးကျော်စဉ်က ချန်ထားခဲ့သည့် ဗမာပြည်အလယ်ပိုင်း မြေဒူးဒေသမှ မူဆလင်များအုပ်စု ဟူ၍ဖြစ်သည်။

အခြားတစ်ဖက်တွင် ပညာရှင်အချို့က ရခိုင်ဘက်ယိုင်သည့် သမိုင်းနောက်ခံပြောဆိုချက်များနှင့် ရိုဟင်ဂျာဖက်ယိုင်သည့် သမိုင်းနောက်ခံပြောဆိုချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် ယုတ္တိမရှိကြောင်း ထောက်ပြကြသည်။ ရခိုင်အမျိုးသားစိတ်ပြင်းထန်သည့် သမိုင်းပညာရှင်များက ရခိုင့်ယဉ်ကျေးမှုသည် ဗမာယဉ်ကျေးမှုထက် ရှေးကျကြောင်း၊ ရခိုင်လူမျိုးများ အရောအစပ်ကင်းရှင်းပြီး ဗမာလူမျိုးမှ ဆင်းသက်လာသူများ ဖြစ်ကြောင်း အခိုင်အမာပြောဆိုကြသည်။ သာဓကအားဖြင့် ဗုဒ္ဓဘာသာ ဘုန်းကြီး တစ်ပါးဖြစ်သည့် သမိုင်းပညာရှင် အရှင် Nyanuttara က “ရှေးကျရခိုင်များသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသမှ ရခိုင်ကမ်းမြောင်ဒေသသို့ စိမ့်ဝင်လာပြီး အခြားသောလူမျိုးများဖြစ်သည့် အာရီယန်နှင့် မွန်ဂိုလွိုက်လူမျိုးများသည် အတူယှဉ်တွဲနေထိုင်ကြပြီး ရခိုင်ကမ်းမြောင်ဒေသသို့ ဝင်ရောက်လာသည်။ ထိုကြောင့် ၎င်းတို့သည် ရခိုင်ကမ်းမြောင်သို့ ဝင်ရောက်လာပြီးနောက် ရောစပ်သွားနိုင်သည့် အခြေအနေ မရှိခဲ့ကြောင်း ဖော်ပြ ထားသည်။

ထိုပညာရှင်များက ရိုဟင်ဂျာဘက်လိုက်သူများအား “ရိုဟင်ဂျာသမိုင်းကြောင်းနှင့် ပတ်သက်၍ အရင်းအမြစ်တစ်ခုကို နှစ်မျိုးနှစ်စားအဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိသည်။ တူညီသော ပြောဆိုချက် တစ်ခုက ၈ ရာစု နှောင်းပိုင်း အာရပ် ကုန်သည်များ သင်္ဘောပျက်ခြင်းနှင့် အတူ ၎င်းတို့၏ ဘာသာသည်လည်း အတူပါလာသည်။ ၎င်းတို့သည် ယခု

ရိုဟင်ဂျာများ၏ ဘိုးစဉ်ဘောင်ဆက်များ ဖြစ်ကြောင်းမှတ်ယူကြရသည်။ သို့သော်လည်း သမိုင်းကြောင်းဆိုင်ရာ အတည်ပြုချက်များနှင့် ရှေးဟောင်းသုတေသနမှတ်တမ်းများ မရှိခြင်းက ဤပြောဆိုချက်သည် ယုတ္တိရှိကြောင်း ထောက်ခံနေသည်။

အထက်ပါ ဖော်ပြချက်များက ရခိုင်ဘက်လိုက်သည့်အုပ်စု နှင့် ရိုဟင်ဂျာဘက်လိုက်သည့် အဖွဲ့တို့သည် သမိုင်းနောက်ခံနှင့် ပတ်သက်၍ အပြန်အလှန် ဘေးဖယ်ထားလိုစိတ်နှင့် ဖျက်စီးလိုစိတ်ရှိကြကြောင်း ဖော်ပြနေသည်။ ထိုကြောင့် သမိုင်းကြောင်းဆိုင်ရာ အကွဲအလွဲများကြောင့် ဒေသတွင်း လူမှု သဟဇာတ အလွန်အရေးကြီးကြောင်း ညွှန်ပြနေသည်။ အချို့သော လေ့လာမှုများအရ ရခိုင် ဘက်လိုက်များက ဗြိတိသျှ ကိုလိုနီခေတ် ၁၉ ရာစုနှင့် ၂၀ ရာစု အတွင်းက စစ်တကောင်းသားများ အာရကန်ဒေသသို့ အစုအပြုံလိုက် ဝင်ရောက်လာသောကြောင့် ထောက်ပြချိန် ရိုဟင်ဂျာ ဘက်လိုက်များက ရှေးခေတ်ရိုဟင်ဂျာများ အာရကန်ဒေသ နယ်ချဲ့လက်အောက်မကျရောက်မီကတည်းကပင် နေထိုင်ခဲ့ကြကြောင်းနှင့် ဗြိတိသျှခေတ်တွင် ဝင်ရောက်လာသူများကြောင့် အသားပေးအခိုင်အမာ ပြောဆိုကြသည်။ ထို့အတူ ရိုဟင်ဂျာ ဘက်လိုက်များကလည်း ယခု ရခိုင်များသည် ဧရာဝတီမြစ်ဝှမ်းမှ ၁၀ ရာစုတွင် ပြောင်းရွှေ့ အခြေချလာကြသည့် မရာမာမှ ဆင်းသက်လာသူများ ဖြစ်ကြောင်း ဝေဖန်လာသည်။ သို့သော် ရခိုင်ဘက်လိုက် သမိုင်းပညာရှင်များက ရခိုင်တို့သည် BC ၃၄ ရာစုကပင် နေထိုင်လာခဲ့ကြောင်း အခိုင်အမာ ပြောဆိုကြသည်။ ကိုဖီအာနန် ကော်မရှင်၏ အဆိုအရ ရခိုင်ပြည်တွင် ဖြစ်နေသော လူမျိုးရေးတင်းမာမှုတွင် သမိုင်းကြောင်းအပြောအဆိုဆိုင်ရာ ပွတ်တိုက်မှုလည်း ရှိကြောင်း ထောက်ပြထားသည်။

ရခိုင်ရိုဟင်ဂျာတင်းမာမှု၏ အဓိကက ရိုဟင်ဂျာလူဦးရေနှင့် အမည်နာမအပေါ် မေးခွန်းများရှိနေခြင်းလည်း ဖြစ်သည်။ ရိုဟင်ဂျာ လူဦးရေနှင့် ပတ်သက်၍ သုံးသပ်ချက်များနှင့် ခန့်မှန်းချက် အမျိုးမျိုး ထွက်ပေါ်လာသည်။ အဓိက အားဖြင့် အငြင်းအခုံနှစ်မျိုးရှိသည်။ ရိုဟင်ဂျာဘက်လိုက်သူများက အာရကန်ဒေသ ကိုလိုနီပြု မခံရသည့် အချိန်ကတည်းကပင် အာရကန်ဒေသတွင် ရိုဟင်ဂျာလူဦးရေသည် ဒေသ၏ ၃ ပုံ တစ်ပုံ ရှိခဲ့ကြောင်း သက်သေအခိုင်အမာ မရှိဘဲ ပြောသည်။ ထိုကြောင့် ဗြိတိသျှခေတ်က ပြောင်းဝင်သူ အရေအတွက် အလွန်နည်းကြောင်းလည်း ပြောဆိုကြသည်။ အကယ်၍မှု အစုလိုက် အပြုံလိုက် ပြောင်းဝင်လာသူများ ရှိခဲ့လျှင်လည်း ၎င်းတို့သည် ၁၇၈၄ခု ဗမာတို့ အာရကန်ကို နယ်ချဲ့စဉ်က ထွက်ပြေးခဲ့ရသူများဖြစ်ကြောင်း ဆိုကြသည်။ အခြားတစ်ဖက်တွင် ရခိုင်ဘက်လိုက်သူများက ကိုလိုနီခေတ် မတိုင်မီက အာရကန်ဒေသတွင် မူဆလင်များ ရှိခဲ့လျှင်လည်း လူဦးရေ အလွန်နည်းကြောင့် ဗြိတိသျှ ကိုလိုနီခေတ်တွင် ပြောင်းဝင်လာသည့် စစ်တကောင်း ဘင်္ဂလီ အရေအတွက် အလွန်များကြောင့် သက်သေ အခိုင်အမာနှင့် ချေပ ပြောဆိုသည်။

အချို့သော သမိုင်း ပညာရှင်များ၏ အဆိုအရ နတ်မြစ်ကို ဖြတ်၍ ဘင်္ဂလားမှ အာရကန်ပြည်ထဲသို့ အစုလိုက် အပြုံလိုက် ပြောင်းဝင်လာရခြင်း အကြောင်းအရင်းက "Push-pull factors" များကြောင့် ဖြစ်ကြောင်း ပြောကြသည်။ (၁)ဘင်္ဂလားဒေသတွင် အစားရေစာ မလုံလောက်ခြင်းနှင့် လူဦးရေ အလွန်ထူထပ်သော ကြောင့်၊ (၂) အာရကန်ဒေသတွင် စီးပွားရေး ကောင်းမွန်သောကြောင့် နှင့် အလုပ်အကိုင် အခွင့်အလမ်း များသောကြောင့် ဖြစ်သည်ဟု ပြောဆိုထားသည်။ ဒေါက်တာ အေးချမ်း၏ အဆိုအရ ဗြိတိသျှ အုပ်ချုပ်မှု အစီရင်ခံစာ ကို အခြေခံ၍ တိုးလာသည့် မူဆလင် လူဦးရေနှင့် ယခု မောင်တော၊ စစ်တွေနှင့် မြောက်ဦး ခရိုင်များ ဖြစ်သည့် ယခင် စစ်တွေ ခရိုင်တွင် စစ်တကောင်းသား များနှင့် မူလ မူဆလင်များ ရောစပ် သွားကြောင့် အခြေအနေများကို အောက်တွင် ကြည့်ရှုနိုင်သည်။

| Race | 1871 | 1901 | 1911 |
|---|---|---|---|
| Madomedan | 58,255 (21%) | 154,887 (32%) | 178,647 (33%) |
| Arakanese | 171,612 | 230,649 | 209,432 |
| Others | 46,804 | 96,130 | 14,1864 |
| Total | 276,671 | 481,666 | 529,943 |

ဒေါက်တာ ကျော်မင်းတင်၏ အဆိုအရ စစ်တကောင်းသားများနှင့် မူရင်း မူဆလင်များ အပါအဝင် အာရကန်ဒေသတွင် မူဟာမဒိန် လူဦးရေတိုးပွားလာခြင်း အခြေအနေကို အောက်တွင် ကြည့်ရှုနိုင်သည်။

| Race | 1867-68 | 1869 | 1872 | 1891 | 1931 |
|---|---|---|---|---|---|
| Mahomedan | 32,105 (7%) | 24,337 (5%) | 64,000 (13%) | 126,586 (18%) | 269,413 (26%) |
| Total | 434,770 | 447,957. | 484,363 | 675,272 | 1,008,538 |

အထက်ဖော်ပြပါ ခိုင်မာသော အချက်အလက်များအရ ကိုလိုနီခေတ်က ဘင်္ဂလားမှ အာရကန်သို့ စစ်တကောင်းသား များ ပြောင်းရွှေ့ ဝင်ရောက်လာသည့်ကိစ္စသည် သမိုင်းတွင်အသေအချာမှတ်တမ်းတင်ထားသော သက်သေများ ရှိသည်။ အကျိုးဆက်အနေဖြင့် ရခိုင်နှင့်ရိုဟင်ဂျာ အသိုင်းအဝိုင်းကြား လူမှုဆက်ဆံရေးတည်ဆောက်ရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေရာတွင် ဤသမိုင်းအချက်အလက်များကို လှစ်လျူမရှုဘဲ ဘုံအဖြေတစ်ခု ရရှိရေး ပထမ ခြေလှမ်း အဖြစ် မှတ်ယူသင့်သည်။

အခြားတစ်ဖက်တွင် စစ်တကောင်းသားများ ပြောင်းဝင်လာမှုက ဗြိတိသျှခေတ်တွင် ရခိုင်လူဦးရေကို လူဦးရေအရ ခြိမ်းခြောက်ခြင်းက အာရကန်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ၁၉၄၂ ခုနှစ် လူမျိုးရေး အကြမ်းဖက်မှုအဖြစ်သို့ ရောက်ရှိ သွားသည်။ ရိုဟင်ဂျာ လူအုပ်တစ်စုက မြေပုံမြို့နယ် ရတ်ချောင်းရွာ (ရခိုင်) လူကြီး နှင့် သူ့အစ်ကိုကို သတ်ဖြတ်ရာမှ အကြမ်းဖက်မှုများ ချက်ချင်း ပျံ့နှံ့သွားခဲ့ကြောင်း ဆိုကြသည်။ ထိနောက် မေလတွင် ရခိုင်ကျေးရွာသားများက ရခိုင်ပြည် အလယ်ပိုင်းရှိ မူဆလင်များအား စတင်တိုက်ခိုက်ခဲ့သည်။ ထိုအကြမ်းဖက်မှုတွင် လူနေအိမ်များ မီးရှို့ခြင်း ၊ ဇလီများ ဖျက်ဆီးခြင်း၊ ကျွဲနွားများလုယူခြင်းနှင့် အာရကန် အလယ်ပိုင်း မင်းပြားနှင့် မြေပုံတို့တွင် ရိုဟင်ဂျာများက ရွာမှ နှင်ထုတ်ခြင်းများ ပါဝင်သည်။ အာရကန် မြောက်ပိုင်းမှ မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များတွင် လူများစု ဖြစ်သည့် ရိုဟင်ဂျာများက ရခိုင်များအား သတ်ဖြတ်ခြင်း၊ ပစ္စည်း ဥစ္စာများ လုယူခြင်း၊ ရခိုင် လူမျိုးအပြား ဒဏ်ရာ ရစေခြင်း များနှင့် တုန့်ပြန်ခဲ့ကြသည်။ အာရကန် အလယ်ပိုင်းမှ မူဆလင် အများအပြား ရခိုင်တို့ ဆန့်ကျင်ဘက်များ ရှိရာ အာရကန် မြောက်ပိုင်းသို့ ထွက်ပြေးခဲ့ရသည်။ လူသေဆုံးမှု အရေအတွက် နှင့် ပစ္စည်း ဥစ္စာ အပျက်အစီး အခြေအနေများနှင့် ပတ်သက်၍ အရင်းအမြစ်များ၏ ပြောဆိုချက်များ အလွန်ကွဲပြား သောကြောင့် အတည်မပြုနိုင်ပေ။

လေ့လာသူများက လူမျိုးရေး အကြမ်းဖက်မှု သည် ဗြိတိသျှများက ဗုဒ္ဓနှင့် အစ္စလာမ် အသိုင်းအဝိုင်း နှစ်ခုကြားတွင် လူမှုစီးပွားအရ ကွဲပြားခြင်းကို အခွင့်ကောင်းယူကာ အသိုင်းအဝိုင်း နှစ်ခုကြားတွင် အစွန်းရောက်အမြင်များ ပေါ်ပေါ်လာစေရန် ရိုဟင်ဂျာများအား (V-Force) ဖွဲ့စည်းပေးခဲ့ခြင်းမှ စတင်သည်ဟု ဆိုကြသည်။ သို့သော်လည်း ဤအကြမ်းဖက်မှုမှ အရေးပါသော ရလဒ်တစ်ခုက တစ်ဖက်နှင့် တစ်ဖက် ဆန့်ကျင်ဘက်အတွေးအမြင် တိုးပွားလာခြင်းဖြစ်သည်။ ဤသည်ကား လူမျိုးရေးခွဲခြားမှု စိတ်ဓာတ်များ ပေါ်ပေါက်စေပြီး အထူးသဖြင့် အာရကန်ဒေသရှိ ရိုဟင်ဂျာများနှင့် ပတ်သက်၍ ဖြစ်သည်။

ဖော်ပြပါ ကိစ္စရပ်နှစ်ခုအပြင် ရခိုင်ဘက်လိုက်သူများနှင့် ရိုဟင်ဂျာဘက်လိုက်သူများအကြား အရေးကြီးသော သဘောထားကွဲလွဲမှုတစ်ခုက အာရကန်နှင့် ရိုဟင်ဂျာ စကားလုံးများ အသုံးအနှုန်းများနှင့် နောက်ခံအကြောင်းအရင်းဖြစ်သည်။ ယေဘုယျအားဖြင့် ရခိုင်များက ကျောက်စာနှင့် ခရီးသွားမှတ်တမ်းများကဲ့သို့ ခိုင်မာသော သက်သေများကို အခြေခံ၍ အာရကန် ဆိုသည့် စကားလုံးသည် ဝေသာလီခေတ် ၈ ရာစု နောက်ပိုင်း နှင့် ဥရောပ ခရီးသည်များ မှတ်တမ်းတင်လာသည် ဆိုသော်လည်း ရိုဟင်ဂျာဘက်လိုက်များကမူ အာရကန် စကားလုံးသည် ကရုဏာဟု အဓိပ္ပာယ်ရသည့် အာရဗီ စကားလုံးမှ ဆင်းသက်လာကြောင်း ဆိုကြသည်။ ရိုဟင်ဂျာ အသုံးအနှုန်းနှင့် ပတ်သက်၍ သဘောထား ကွဲလွဲမှုက ပိုအရေးပါသည်။ ရိုဟင်ဂျာဘက်လိုက် အပြောဆိုများက ရိုဟင်ဂျာများသည် ၁၈

ရာစု မတိုင်မီကပင် ရှိနေကြောင်းပြောနေချိန် ရခိုင်ဘက်လိုက်သူများက ရိုဟင်ဂျာအသုံးအနှုန်းသည် စစ်တကောင်းမှ အာရကန်သို့ ဝင်ရောက်လာသူများက မြန်မာ့တိုင်းရင်းသား လူမျိုးစုတစ်ခုဖြစ်ရန် ရည်ရွယ်ပြီး ၁၉၅၀ ဝန်းကျင်တွင် သုံးစွဲလာသော ကိုလိုနီ ခေတ် ပြီးနောက် ထီတွင်မှုတစ်ခုသာဖြစ်ကြောင့် စွပ်စွဲပြောဆိုကြသည်။ ယခုအခါ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများက မိမိကိုယ်ကို သက်သေခံပိုင်ခွင့်အရ ရိုဟင်ဂျာဆိုသည့် အမည်နာမကို သုံးစွဲနေသော်လည်း ရခိုင်ပြည်သူများက ရိုဟင်ဂျာဆိုသည့် စကားလုံးသုံးခြင်းသည် သမိုင်းဆိုင်ရာ လွဲချော်မှုဖြစ်သည့်အပြင် ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်ရေးခေတ်တွင် အစုလိုက် အပြုံလိုက် ဝင်ရောက်လာခြင်းကို လျစ်လျူရှုကာ အာရကန် နယ်မြေပိုင်ဆိုင်လိုစိတ်ကို နိုင်ငံရေးအရ အားပေးရာရောက်ကြောင်းဆိုကာ ရိုဟင်ဂျာဟုခေါ်ဝေါ်သုံးစွဲရန် ငြင်းဆိုကြသည်။ အာရကန်ဒေသတွင် အသိုင်းအဝိုင်းနှစ်ခု အတူယှဉ်တွဲနေထိုင်ရေးနှင့် သဟဇာတဖြစ်ရေးကြိုးပမ်းမှုတွင် လူဦးရေနှင့် သက်သေလက္ခဏာ မေးခွန်းက ကြီးမားသော အဟန့်အတား တစ်ခုဖြစ်နေသည်။

ယခုအခါ လွတ်လပ်ရေး ရပြီးကာလမှ ၂၀၁၀ ခုနှစ် အထိ ရခိုင်နှင့် ရိုဟင်ဂျာတို့၏ နိုင်ငံရေး လှုပ်ရှားမှု များအကြောင်းကို လေ့လာကြမည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ၁၉၆၂ ခု ပါလီမန်ခေတ်တွင် ရခိုင်နှင့်ရိုဟင်ဂျာအသိုင်းအဝိုင်းနှစ်ခုလုံးတွင် မတူညီသော နိုင်ငံရေးရည်ရွယ်ချက်များ တွေ့ခဲ့ရသည်။ ရခိုင်အသိုင်းအဝိုင်းတွင်ဆိုလျှင် အလံဖြူအဖွဲ့ဝင်ဖြစ်သည့် လက်ဝဲစွန်း အာရကန် ပြည်သူ့လွတ်မြောက်ရေးပါတီ (APLP) နှင့် အလံနီအုပ်စုဖြစ်သည့် ပြည်သူ့စေတနာ့အဖွဲ့တို့က အထူးသဖြင့် အာရကန်ဒေသ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် ကျေးလက်အများစုကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ရိုဟင်ဂျာ အသိုင်းအဝိုင်းတွင်လည်း ဂျာဖာရ် ကာဝါလ် ဦးဆောင်သော မူဂျာဟဒိန်း အဖွဲ့ကလည်း အာရကန် မြောက်ပိုင်းဒေသ အများစုကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ထိုအချိန်တွင်လည်း ၎င်းတို့၏ နိုင်ငံရေး လုပ်ရှားမှု တွင် ရိုဟင်ဂျာ အသုံးအနှုန်း မသုံးစွဲခြင်းက သတိပြုစရာ ဖြစ်သည်။ ရွေးကောက်ပွဲ နိုင်ငံရေးတွင် ရှေ့ရိုးစွဲ ရခိုင် အမျိုးသား အစွန်းရောက်များက နောက်ပိုင်းတွင် ရခိုင် အမျိုးသား ညီညွတ်ရေးအဖွဲ့ အဖြစ် လူသိများ သော လွတ်လပ်သော ရခိုင် ပါလီမန် အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းသည် ၁၉၅၁ အထွေထွေ ရွေးကောက်ပွဲ၌ အာရကန်ဒေသတွင် နေရာသုံးခုသာ အနိုင်ရခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ကို အနိုင်ရကာ ၁၇ နေရာ အနိုင်ရခဲ့သည်။ မူဆလင်အသိုင်းအဝိုင်းတွင် Jamiatul-Ulama North Arakan (ဗမာမူဆလင် အဖွဲ့) ဟုလည်း သိကြသည့် အဖွဲ့က ၁၉၄၇၊ ၁၉၅၁ နှင့် ၁၉၅၆ အထွေထွေ ရွေးကောက်ပွဲ၌ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အနိုင်ရခဲ့သည်။ သို့သော်လည်း အသိုင်းအဝိုင်း နှစ်ခု၏ နိုင်ငံရေး တောင်းဆိုချက်က ကွဲပြားခဲ့သည်။ ရခိုင်များက ရခိုင်ပြည်နယ် ဖွဲ့စည်းရေး တောင်းဆိုချိန် မူဆလင်များကမေယုခရိုင်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ(သို့) သီးခြားမူဆလင်ပြည်နယ်ရရှိရေး တောင်းဆိုခဲ့သည်။

၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းသောအခါ မြန်မာ့နိုင်ငံရေးအခြေအနေသည် နေ့ချင်းညချင်း ပြောင်းလဲသွားသည်။ အာရကန်စစ်ရေးတွင် ဦးကျော်မြဦးဆောင်သော အလံဖြူကွန်မြူနစ်ပါတီက အင်အားခိုင်ခိုင်မာမာ ရှိခဲ့သေးသည်။ အလံနီ ကွန်မြူနစ်ပါတီ ပြိုကွဲပြီးနောက် ၁၉၆၀ ဝန်းကျင်တွင် အာရကန် ကွန်မြူနစ်ပါတီ (CPA) နှင့် ရခိုင်အမျိုးသားပြည်သူ့ လွတ်မြောက်ရေး ပါတီ (ANPLP) ကဲ့သို့သော အုပ်စုများ ဖွဲ့စည်းခဲ့ကြသည်။ ထိုနောက် အရေးပါသော ရခိုင်လက်နက်ကိုင် နှစ်ဖွဲ့ ဖြစ်သည့် အာရကန်လွတ်လပ်ရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့ကို ၁၉၆၀ ခု ဝန်းကျင်နှင့် ၁၉၇၀ ခု ဝန်းကျင်တို့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ရိုဟင်ဂျာစစ်ရေးတွင် အာရကန်မြောက်ပိုင်းစစ်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆာနီ ဂျာဖာရ်၏ ဦးဆောင်မှုတွင် မူဆလင် အမျိုးသား လွတ်မြောက်ရေး ပါတီ လူသိများသည့် မူဂျာဟဒိန်း အဖွဲ့တစ်ခု ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ထိုအပြင် ရိုဟင်ဂျာ လွတ်လပ်ရေး တပ်ဖွဲ့ (နောက်ပိုင်း ၁၉၇၃ ခုနှစ် တွင် ရိုဟင်ဂျာ မျိုးချစ်တပ်မတော် ပြောင်းခဲ့သည် (RPF) ကို ရန်ကုန် တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်သည့် မူဟာမတ် ဂျာဖာရ် ဟဘီဗ် ၁၉၆၄ ခုနှစ်တွင် ဦးဆောင်ဖွဲ့စည်းခဲ့သည်။ MNLP က CPA နှင့် ANLP တို့နှင့် နတ်မြစ် နယ်စပ်တွင် မဟာမိတ် လုပ်ရှားမှုကြောင့် ရခိုင် နှင့် ရိုဟင်ဂျာ လက်နက်ကိုင်များ

အကြားတွင် ဆက်သွယ်ဆောင်ရွက်မှုများ ရှိလာခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ရိုဟင်ဂျာ သွေးစည်း ညီညွတ်ရေး အဖွဲ့ RSO သည် RPF မှ ခွဲထွက်သွားခဲ့ပြီး ၃ နှစ်ကြာ ၁၉၈၅ ခုနှစ်တွင် ရခိုင်လက်နက်ကိုင် အဖွဲ့များ ဖြစ်သည့် AIO၊ ALP နှင့် CPA တို့က မဟာမိတ်အသစ်ဖွဲ့ကာ ရခိုင်အမျိုးသားညီညွတ်ရေး တပ်ဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။ သို့သော် အာရကန် ရိုဟင်ဂျာ အစ္စလာမ် တပ်မတော် (ARIF) က RPF , RSO တို့နှင့် ပူးပေါင်းပါ မူဆလင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်နယ်မြေ ရရှိရေး တောင်းဆိုခဲ့သည်။

ဦးနေဝင်း၏ ဆိုရှယ်လစ်အုပ်ချုပ်ရေးမူးသည် ၁၉၈၈ ခုနှစ် နောက်တစ်ကြိမ် စစ်အာဏာသိမ်းမှုနှင့် အဆုံးခဲ့သည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ နိုင်ငံရေး ပြန်စတင်သည့်အခါ ရခိုင့်နိုင်ငံရေးတွင် ပါတီနှစ်ခုပေါ်ထွန်းလာသည်။ ပိုမို အားကောင်းသည့် ပါတီမှာ ရခိုင်အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ALD နှင့် ဒုတိယပါတီတစ်ခုမှာ ရခိုင်ပြည်သူ့ ညီညွတ်ရေး အဖွဲ့ (APUO) တို့ဖြစ်သည်။ အာရကန်ဒေသက ရိုဟင်ဂျာများကလည်း အမျိုးသား ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (NDPHR) ကို ဖွဲ့စည်းခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ် ALD က အမျိုးသား ဒီမိုကရေအဖွဲ့ချုပ်ကို မဲအပြတ်အသတ်ဖြင့် ရခိုင်ပြည် နေရာအများစုတွင် အနိုင်ရရှိခဲ့သည်။ ထိုအပြင် NDPHR ကလည်း မောင်တောနှင့် ဘူးသီးတောင် မဲဆန္ဒနယ် ၄ နေရာ အနိုင်ရရှိခဲ့သည်။

ရခိုင် လက်နက်ကိုင် နိုင်ငံရေးတွင် ရခိုင်ပြည်အခြေစိုက် အခြားသော အဖွဲ့ ၃ ဖွဲ့ပေါ်ပေါက်ခဲ့သည်။ ယင်းတို့က ဝါရင့် ANLP ၊ မျိုးချစ် မျိုးနွယ်စုပါတီနှင့် ကာလတိုသာ ရပ်တည်နိုင်ခဲ့သည့် ရခိုင်အမျိုးသား ဒီမိုကရေတစ်တပ်မတော်တို့ ဖြစ်သည်။ ၎င်းတို့သည် NUFA အဖွဲ့ဝင်ဖြစ်လာသည်။ ခိုင်ရာဇာ ဦးဆောင်သော ရခိုင်တပ်မတော် ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အဓိက အဖွဲ့ဝင်များ ဖြစ်သည့် ANLP ၊ CPA ၊ TNA ၊ AIO ၊ ALP တို့က ရခိုင်အမျိုးသား ညီညွတ်ရေး အဖွဲ့အဖြစ် တစ်ဖွဲ့တည်း ရပ်တည်ရန် သမိုင်းဝင် ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ခဲ့သည်။ ရခိုင် တပ်မတော် သည် NUPA ၏ လက်နက်ကိုင် အဖြစ်သတ်မှတ်ကြသည်။ ၁၉၉၅ ခုနှစ်တွင်လည်း ARIF ၊ RSO တို့က ရိုဟင်ဂျာ အမျိုးသား မဟာမိတ်အဖွဲ့ဝင်ဖြစ်လာသည်။ သုံးနှစ်အကြာတွင် နယ်စပ်တွင် ရိုဟင်ဂျာအမျိုးသားကောင်စီနှင့် လက်နက်ကိုင် အဖွဲ့ဖြစ်သည့် အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ကိုဖွဲ့စည်းခဲ့ကြသည်။ ရခိုင်ရိုဟင်ဂျာလက်နက်ကိုင် ပူးပေါင်းတော်လှန်ရေးသည် NUPA နှင့် ARNO တို့ သည် ၂၀၀၁ ခုနှစ်တွင် အာရကန် လွတ်လပ်ရေး မဟာမိတ်အဖွဲ့ (AIA ) ဖွဲ့စည်းခြင်းဖြင့် တစ်ဆင့်တက်ခဲ့သည်။ သို့သော်လည်း ဤမဟာမိတ်သည် လူမှု-နိုင်ငံရေးဆိုင်ရာ စဉ်ခေါ်မှုများကြောင့် တဖြည်းဖြည်း အားနည်းသွားခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရခိုင်အမျိုးသား အဖွဲ့ ANC အဖြစ်အခြားသော လက်နက်ကိုင် အဖွဲ့တစ်ခု ပေါ်ပေါက်ခဲ့ပြီး ၎င်း၏ လက်နက်ကိုင်အုပ်စုကို ရခိုင်ပြည် တပ်မတော် အဖြစ် အမည်ပေးခဲ့သည်။ သို့သော်လည်း ရခိုင်နှင့် ရိုဟင်ဂျာ လက်နက်ကိုင် တော်လှန်ရေးတွင် အောင်မြင်မှု မရရှိခဲ့ပေ။ ၂၀၀၉ ခု ဧပြီလ တွင် ထွန်းမြတ်နိုင်နှင့် ရခိုင် မျိုးချစ် လူငယ်အုပ်စု တစ်စုက ရခိုင်တပ်မတော်အမည်ဖြင့် အဖွဲ့သစ်တစ်ခု တည်ထောင်ခဲ့ကြသည်။

# အပိုင်း (၃) နိုင်ငံရေးအဖွင့်ကာလ (၂၀၁၀ - ၂၀၂၀)

၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကာလသည် ရခိုင်ပြည်နယ်၏ နိုင်ငံရေး တွက်အလွန် အရေးပါသည်။ ဤကြားကာလကို ရခိုင့်နိုင်ငံရေးအဖွင့်ကာလ ပြောဆိုကြသည်။ ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝိုင်း နှစ်ခုလုံး၏ နိုင်ငံရေး တွင် ပါဝင်ခွင့်ရခြင်းအခြေအနေနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ယင်း၏ သက်ရောက်မှုကို နားလည်ရန် ဤကာလသည် မရှိမဖြစ် နားလည်ရန် လိုအပ်သည်။

## (၁) ၂၀၁၀ ရွေးကောက်ပွဲ

၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်နှင့် ရိုဟင်ဂျာ နိုင်ငံရေးပါတီများသည် လူမျိုးစုနှစ်ခုကြား အမြစ်တွယ်နေသည့်တင်းမာမှုကို ဖော်ပြနေသည့် ရွေးကောက်ပွဲကတိကဝတ်များဖြင့် ဝင်ရောက်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီ ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထိုတွင်ရခိုင်ပါတီ နှစ်ပါတီဖြစ်သည့် ရခိုင်တိုးတက်ရေး ပါတီက ၄၄ နေရာ ၊ ရခိုင်အမျိုးသားအင်အားစုပါတီက ၁၄ နေရာနှင့် ရိုဟင်ဂျာဖက်မှ အမျိုးသားတိုးတက်ရေးနှင့် ဒီမိုကရေတစ် ပါတီ က ၂၂ နေရာ၊ အမျိုးသား တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ က ၃ နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၀ ခု အထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်က ပြည်ထောင်စု လွှတ်တော်တွင် အမတ် နေရာ ၂၉ နေရာ ရှိရာ ၃ ဦးက ရိုဟင်ဂျာများ ဖြစ်သည်။ ထိုအပြင် ရခိုင်ပြည်နယ် လွှတ်တော်၏ အမတ်နေရာ ၃၅ နေရာတွင်လည်း ရိုဟင်ဂျာ ၂ ဦးပါဝင်သည်။

သို့သော်လည်း ၂၀၁၀ ခု ရွေးကောက်ပွဲသည် အသိုင်းအဝိုင်းနှစ်ခုကြား လူမျိုးရေးတင်းမာမှုကို ပြင်းထန်လာစေခဲ့သည်။ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ရွေးကောက်ပွဲ မတိုင်မီ ရိုဟင်ဂျာအများအပြားကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုမှုက ဗုဒ္ဓဘာသာရခိုင်လူမျိုးများ ဒေါသထွက်စေခဲ့သည်။ ဤလုပ်ဆောင်ချက်သည် မူဆလင်များ၏ မဲရရှိရေးကို ကြိုးပမ်းရာရောက်ပြီး ရခိုင်အမျိုးသားပါတီများ၏ ရွေးကောက်ပွဲအောင်မြင်မှုကို ကန့်သတ်ရာရောက်ကြောင်း ရှုမြင်ခဲ့ကြသည်။

လူမျိုးနှစ်ခု၏ နိုင်ငံရေးရည်မှန်းချက်များမှာ ရခိုင်နိုင်ငံရေးပါတီများက ရခိုင်များ၏ အခွင့်အရေး နှင့် ကျယ်ပြန့်သော ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရေးနှင့် သဘာဝထွက်ပစ္စည်းများ၏ ခံစားခွင့်ရရှိရေးတို့ကို တောင်းဆိုသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ရခိုင်လူမျိုးဖြစ်တည်မှုအမှတ်အသားကို ခိုင်မာစေရန်နှင့် ၎င်းတို့၏ ရပိုင်ခွင့်များအပေါ် ရိုဟင်ဂျာများ၏ သြဇာလွှမ်းမိုးလာခြင်းများကို ကာကွယ်ရန် ဖြစ်သည်။ အခြားတစ်ဖက်တွင် ရိုဟင်ဂျာပါတီ များ၏ အခြေခံကြိုးပမ်းမှုမှာ ကာလအတော်ကြာခွဲခြားဆက်ဆံမှုနှင့် နိုင်ငံသားအခွင့်အရေးငြင်းပယ်ခံထားရသည့် ရိုဟင်ဂျာလူထုများ အသိအမှတ်ပြုခံရမှုနှင့် အခွင့်အရေး ရရှိရေးဖြစ်သည်။ ၎င်းတို့၏ ကြိုးပမ်းမှုတွင် ဥပဒေအကာအကွယ်ရရှိရေး၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများမှ အကာအကွယ်ရရှိရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခွင့်အရေးများရရှိရေးတို့ ပါဝင်သည်။ ဤဆန့်ကျင်ဘက်ဖြစ်နေသည့် ရည်မှန်းချက်များကြောင့် လူမျိုးစုနှစ်စုသည် မကြာခဏတင်းမာသည့် အခြေအနေသို့ ရောက်ရှိကြသည်။ ရိုဟင်ဂျာပါတီများသည် အသိအမှတ်ပြုခံရရေးနှင့် အခွင့်အရေး ရရှိရေးကိုသာ တောင်းဆိုသော်လည်း ရခိုင်ပါတီများသည် ရိုဟင်ဂျာများအား ၎င်းတို့၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အတွက် ခြိမ်းခြောက်မှု အဖြစ်ရှုမြင်ကြသည်။

## (၂) ၂၀၁၂ အုပ်စုလိုက် အကြမ်းဖက်မှု

နိုင်ငံရေးတင်းမာမှုများရှိသည့်အချိန်တွင် ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးအကြမ်းဖက်မှုတစ်ရပ်ဖြစ်ပေါ် ခဲ့သည်။ မေလ ၂၈ ရက်နေ့တွင် မူဆလင် တစ်ချို့က ရခိုင်အမျိုးသမီးတစ်ဦးကို မုဒိန်းကျင့်သတ်ဖြတ်ခဲ့သည့် စွပ်စွဲချက်ဖြင့် ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းနှစ်ခုကြားတွင် အကြမ်းဖက်မှုများ တွင်တွင်ကျယ်ကျယ် ဖြစ်လာခဲ့ပြီး ထိလွယ်ရှလွယ်

အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ ရန်လိုမုန်းတီးမှုများပြားလာပြီး အစွန်းရောက်သော သတင်းစကားများ ပြန့်နှံ့လာပြီး အကြမ်းဖက်မှုများ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မြို့တော်စစ်တွေထိ ပြန့်နှံ့သွားခဲ့သည်။ ဇွန်လ ၃ ရက်နေ့တွင် ဘာသာရေးခရီးသွား မူဆလင် ၁၀ ဦးကို တောင်ကုတ်မြို့နယ်တွင် ဆူပူသောင်းကျန်းမှုတစ်ခုကြောင့်သေဆုံးခဲ့ရပြီးနောက် မူဆလင်ဆန့်ကျင်ရေးစာစောင်များ ဖြန့်ဝေလာကြသည်။ အကြမ်းဖက်မှုတွင် မူဆလင်များက ဗုဒ္ဓဘာသာဝင်များအပေါ် အကြမ်းဖက်မှုအချို့လည်း ပါဝင်သည်။ အစိုးရက ဇွန်လ ၁၀ ရက်နေ့တွင် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေစိုးမိုးရေးတွက် စစ်အင်အားတိုးမြှင့်ချပေးခဲ့သည်။ အခြေအနေတည်ငြိမ်စ ဖြစ်လာခဲ့သော်လည်း ပဋိပက္ခ အချို့ ရှိခဲ့သေးသည်။ အကြမ်းဖက်မှုအတွင်း နှစ်ဖက်အသိုင်းအဝိုင်းမှ လူပေါင်း ၉၈ ဦးသေဆုံးခဲ့ရပြီး ၁၂၃ ဦး ဒဏ်ရာ ရရှိခဲ့သည့်အပြင် ရိုဟင်ဂျာများ၏ နေအိမ်ပြောင်း ၅၃၃၈ အိမ် ဖျက်စီးခဲ့ရပြီး ရိုဟင်ဂျာ ၇၅၀၀၀ ကျော် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ရိုဟင်ဂျာ ခေါင်းဆောင်တစ်ဦးက ၂၀၁၂ အကြမ်းဖက်မှုကြောင့် ၎င်းတို့ ဘ၀ ပြောင်းခဲ့ရကြောင်း ပြောသည်။ အရင်က ရိုဟင်ဂျာ အသိအမှတ်ပြုခံရမှုသည် ၎င်းတို့ နေ့တိုင်း ပူပင်သောက ရောက်ခဲ့ရသည့်အရာမဟုတ်သော်လည်း ယခု အရာရာတိုင်း ဆုံးရှုံးခံရပြီးနောက် ထိုအရာသည် ၎င်းတို့အတွက် ဘုံသောကတစ်ခု ဖြစ်လာသည်။ ရိုဟင်ဂျာ ခေါင်းဆောင်များက ရိုဟင်ဂျာအဖြစ် အသိအမှတ်ပြုခံရမှုသည် နိုင်ငံသားဖြစ်ရေးနှင့် ခွဲခြားဆက်ဆံမရရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း ယုံကြည်ကြသည်။ ရိုဟင်ဂျာအမည်နာမကို နိုင်ငံတကား အသိအမှတ်ပြုခံရမှု ရရှိခြင်းက နိုင်ငံတကားတွင် တရားဝင်မှုနှင့် အခွင့်အရေး ရရှိရေးတွက် အထောက်အပံ့ဖြစ်နိုင်ကြောင်း ရှုမြင်ကြသည်။ ပထမ အကြိမ်မြောက် အကြမ်းဖက်မှု အပြီး သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ် အခြေအနေကို လေ့လာရန် စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဩဂုတ်လ ၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်မှာ အကြမ်းဖက်မှု စုံစမ်းစစ်ဆေးခွင့်၊ အစိုးရ၏ အချက်အလက်များ ရရှိခွင့်နှင့် ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေး အစီအမံများ အကြံပြုခွင့်များ ပါဝင်သည်။ ကော်မရှင်တွင် ဘာသာရေးခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များပါဝင်သော်လည်း မူဆလင်ကိုယ်စားပြုသူ အထူးသဖြင့် ရိုဟင်ဂျာ ကိုယ်စားပြုသူ တစ်စုံတစ်ဦးမျှ မပါဝင်ပေ။ အောက်တိုဘာလတွင် ဒုတိယအကြိမ်မြောက် အကြမ်းဖက်မှုကြောင့် ကော်မရှင်သက်တမ်းတိုးခံရပြီး ၂၀၁၃ ဧပြီလတွင် နောက်ဆုံး အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ အစီရင်ခံစာတွင် ဒုက္ခသည်များကို ဘေးကင်းလုံခြုံသော နေရာထိုင်ခင်းပေးရေး၊ ပြန်လည်နေရာချထားရေး၊ ပွင့်လင့်မြင်သာသော နိုင်ငံသား လျှောက်ထားခွင့် ထားရှိရေး နှင့် တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးရေး အစီအမံများ လုပ်ဆောင်ရေး အပါအဝင် ချုပ်ချဉ်ခြင်းများ လျှော့ချရေးနှင့် တရား ဥပဒေ စိုးမိုးရေး ခိုင်မာစေရေး တို့ဖြစ်သည်။

## (၃) ၂၀၁၅ ရွေးကောက်ပွဲ

၂၀၁၂ခုနှစ် အဓိကရုဏ်းများအပြီးတွင် ယုံကြည်မှုပျောက်ဆုံးနေခြင်းကြောင့် လူ့အဖွဲ့အစည်းနှစ်ခုကြား တင်းမာမှုများ တဖြည်းဖြည်း မြင့်တက်လာပြီး ဆက်ဆံရေးလည်း ဆိုးဝါးယိုယွင်းနေခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲသည် ရိုဟင်ဂျာများအပေါ် ကန့်သတ်ချက်များ ပိုများလာပြီး ရခိုင်နှင့် ရိုဟင်ဂျာ လူ့အဖွဲ့အစည်းများအတွက် မတူညီသော နိုင်ငံရေးအခင်းအကျင်းနှင့် နေရာများ ယူဆောင်လာခဲ့သည်။ အစောပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တွင် ရိုဟင်ဂျာအချို့အပါအဝင်အပြင် အခြားသော ယာယီသက်သေခံကတ်ပြား ကိုင်ဆောင်ထားသူများသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်။ ထို့ကြောင့် ရွေးကောက်ပွဲတွင် ရိုဟင်ဂျာများပါဝင်နိုင်ခဲ့ပြီး ပါလီမန်အမတ်နေရာအချို့ကိုလည်း ရွေးကောက်ခံခဲ့ရပြီး ၂၀၁၃ခုနှစ်မှာတော့ ဗုဒ္ဓဘာသာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဝင်များက ပါလီမန်နေရာအများစုကိုချုပ်ကိုင်ပြီး တွန်းအားပေးမဲပေးကာ ရိုဟင်ဂျာများကို ဖယ်ထုတ်ဖို့ တွန်းအားပေးခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ နိုင်ငံသားဖြစ်ခွင့်ရှိသူများကို မဲဆန္ဒရှင်အရည်အချင်းပြည့်မီမှု ဆိုင်ရာ ကျဉ်းမြောင်းသော မဲရလဒ်ဖြင့် စီရင်ချက်သည် ဤချန်လှပ်မှုကို

အားဖြည့်ပေးခဲ့သည် ။ ထို့နောက်အကျိုးဆက်အနေဖြင့် ရိုဟင်ဂျာများ၏ အဖြူရောင် ယာယီနိုင်ငံသားသက်သေခံကတ်ပြားများကို ရုပ်သိမ်းလိုက်သဖြင့် ၎င်းတို့၏တရားဝင် အခွင့်အာဏာမဲ့မှုကို ဖြစ်စေခဲ့သည်။ ၂၀၁၀ တနိုင်ငံလုံး ရွေးကောက်ပွဲနဲ့ မတူကွဲပြားသည်မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် လူ့အဖွဲ့အစည်းနှစ်ခုအတွက် နိုင်ငံရေးဆိုင်ရာအခင်းအကျင်းများကို အပြောင်းအလဲဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံ၏၂၀၁၀ ရွေးကောက်ပွဲတွင် ရိုဟင်ဂျာများ ပါဝင်ယှဉ်ပြိုင်ခွင့်ရစဉ်က ၃ နေရာ ရွေးကောက်ခံရပြီး လွှတ်တော်တွင် ၂၀၁၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၂၀၁၅ တွင် အစိုးရက ၎င်းတို့အား မဲပေးခြင်း၊ ရာထူးအရွေးခံခြင်း သို့မဟုတ် ရိုဟင်ဂျာဦးဆောင်သော နိုင်ငံရေးပါတီများ ဖြစ်သည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (DHRP) နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ(NDPD) တို့တွင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ရန် တားမြစ်ထားခဲ့သည်။

အခြားတဖက်တွင်မူ ၂၀၁၄ ခုနှစ် မတ်လတွင် ရခိုင်အမျိုးသားပါတီကို တည်ထောင်ခြင်းဖြင့် ရခိုင်လူမျိုးထုတရပ်လုံး၏ နိုင်ငံရေးဆိုင်ရာညီညွတ်မှုကို ရရှိခဲ့ပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် အာရကန်ဒေသခံ များ၏ ကြီးမားသော နိုင်ငံရေးအင်အားကို ဖော်ထုတ်နိုင်ခဲ့သည်။ ရခိုင်အမျိုးသားပါတီသည် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) တို့ကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ပြန်လည် မှတ်ပုံတင်ခဲ့သော ALD ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲများတွင် အဓိက အင်အားကြီး နိုင်ငံရေးပါတီတခုဖြစ်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော ပါတီဖြစ်သည်။ RNDP ကို ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းရွေးကောက်ပွဲအတွင်း ရခိုင်ပြည်နယ်၏ နေရာအများစုကို အနိုင်ရရှိခဲ့သည်။ ၎င်းပါတီ ၂ခု၏ ပေါင်းစည်းခြင်းဖြင့် ၂၀၁၅ ရွေးကောက်ပွဲအတွက် လွှမ်းမိုးနိုင်စွမ်းမြင့်မားသည့် နိုင်ငံရေးအင်အားစုတခုကို တည်ဆောက်လိုက်ခြင်းလည်းဖြစ်သည်။ သို့သော်လည်း ထိုကာလတောက်လျှောက်တွင် ၎င်းနိုင်ငံရေးပါတီအနေဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူဦးရေ ၁သန်း နီးပါးမှ အများစု အပါအဝင် ယာယီနိုင်ငံသားကဒ်ကိုင်ဆိုင်သူများ၏ မဲပေးခွင့်ဆိုင်ရာ အခွင့်အရေးကို ပယ်ဖျက်နိုင်ရန် ကြိုးစားအားထုတ်ခဲ့သည်။ ရိုဟင်ဂျာအချို့သည် ရခိုင်ပြည်နယ်၌ မျိုးဆက်အချို့တိုင်အောင် နေထိုင်လာခဲ့ကြသူများဖြစ်သော်လည်း ANP ၏ အဆိုအရ ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ရွှေ့ပြောင်းအခြေချလာသူများဖြစ်သည်ဟု ဆို၏။

၂၀၁၅ ခုနှစ်တွင် ANP ၏ ဒုဥက္ကဋ္ဌဟောင်း ဖြစ်သူ ဒေါ်အေးနုစိန်မှ ထိုကဲ့သို့ အဖြူရောင် ယာယီနိုင်ငံသား ကတ်ကိုင်ဆောင်ထားသူ အများအပြား၏ မဲပေးခွင့်အား ဖျက်သိမ်းလိုက်ခြင်းသည့် မဲဆန္ဒနယ်များတွင် ပါတီ၏ အခွင့်အလမ်းများကို တိုးတက်စေခဲ့သည်ဟု ဆိုသည်။ ANP အနေဖြင့် ရိုဟင်ဂျာများကို ဒုက္ခသည်စခန်းများကို ပို့ရန် (သို့မဟုတ်) ပြည်နှင်ဒဏ်ပေးခြင်းများကို ထောက်ခံကြောင်းလည်း သူမကဆိုသည်။ နိုင်ငံတကာ အသိုင်းအဝန်းမှ ရိုဟင်ဂျာများအပေါ် သုံးနှုန်းသော "နိုင်ငံမဲ့" ဟူသော အသုံးအနှုန်းကိုလည်း သူမက ကန့်ကွက်ပြီး ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်ပြည်သူများနှင့် ဘာသာရေး၊ လူမျိုးရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ထပ်တူကျပြီး ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသူများဖြစ်သည်ဟုဆိုသည်။ ဤကဲ့သို့ ကွဲပြားသော နိုင်ငံရေးဆိုင်ရာအယူအဆနှင့် အမြင်များသည် လူမှုအသိုက်အဝန်း ၂ခုကြား ကာလကြာရှည်စွာ ရှိနေသည့် သံသယများကို ဆက်လက်တည်ရှိနေစေခဲ့သည်။

## (၄) ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်၏ တက်ကြွလှုပ်ရှားမှုများ

၂၀၁၆ နှင့် ၂၀၁၇ နှစ်များတွင် အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်( Arakan Rohingya Salvation Army)၏ လှုပ်ရှားမှုများ မြင့်တက်လာပြီး လက်နက်ကိုင် ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့သည်။ ယင်း၏ အကျိုးဆက်ကြောင့် ၎င်းကို မြန်မာစစ်တပ်က ပြင်းထန်စွာ ဖြိုခွင်းခဲ့သည့် အတွက် ရိုဟင်ဂျာအများစု ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ New York Times ၏ အဆိုအရ မြန်မာနိုင်ငံသည် အဆိုပါကိစ္စရပ်ကို “ရိုဟင်ဂျာဆိုတာ မရှိဘူး”ဟု မြန်မာအစိုးရ၏ အဆိုအရ ရိုဟင်ဂျာသမိုင်းအား ဖျက်ပစ်နေသည်ဟု ဆိုသည်။ ဇွန်လ 2016

တွင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကော်မရှင်နာမင်းကြီးက ရိုဟင်ဂျာမူဆလင်တွေနဲ့ တခြားသော တိုင်းရင်းသားလူမျိုးစုများ၏ ဆိုးရွားလျှက်ရှိသည့် အခြေအနေများအကြောင်းကို သတိပေးခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် အစိုးရအသစ်အာဏာရလာပြီးနောက်လည်း ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် အသိုင်းအဝိုင်းကို ပိုမို ထိခိုက်ခြားနားစေသော အမှားများအား ဆက်တိုက်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) ပေါ်ထွန်းလာမှုသည် ရိုဟင်ဂျာအသိုင်းအဝိုင်းတွင် ပဋိပက္ခများနှစ်အချို့ကြာအောင် ငြိမ်သက်နေခဲ့ပြီးနောက် ပြန်လည်၍ သိသာထင်ရှားစွာဖြင့် ပဋိပက္ခများ တိုးလာစေခဲ့သည် ။ ARSA မတိုင်မီ ပေါ်ပေါက်ခဲ့သော စစ်သွေးကြွများ၏ လှုပ်ရှားမှုများ မှာ ရပ်တန့်သွားပြီးနောက် မြန်မာနိုင်ငံရှိ မွတ်ဆလင် အသိုက်အဝန်းတွင် အစွန်းရောက်မှုများ မရှိခဲ့တော့ပေ။ သို့သော် အထူးသဖြင့် ARSA အဖွဲ့ ရောက်ရှိလာပြီးနောက် အခြေအနေများ ပြောင်းလဲသွားခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နယ်ခြားစောင့်စခန်းများကို ရုတ်တရက် အလစ်ချောင်း၍ တိုက်ခိုက်ခဲ့ရာရဲတပ်ဖွဲ့ဝင် ၉ ဦး သေဆုံးခဲ့သည်။ ARSAကို အစော ပိုင်းတွင် Harakah al-Yaqin ဟု လူသိများပြီး ၂၀၁၂ ခုနှစ် ပဋိပက္ခများ အတွင်း အိုးအိမ်မဲ့ ဖြစ်ခဲ့ရသော ရိုဟင်ဂျာ လူငယ်များအကြား လျင်မြန်စွာ ထောက်ခံမှုရရှိခဲ့ပါတယ်။ နေအိမ်များနှင့် မိသားစုများ ဆုံးရှုံးခဲ့ရသည့် အဆိုပါ လူငယ်အများစုမှာ ARSA ၏ "ဆုံးရှုံးစရာ ဘာမှမကျန်တော့ဘူး" ဟုဆိုသည့် ဝါဒဖြန့်မှုအောက်တွင် လွှမ်းမိုးမှုခံခဲ့ရသည်။ ပါကစ္စတန်တွင် မွေးဖွားပြီး ဆော်ဒီအာရေဗျတွင် ကြီးပြင်းလာသော ရိုဟင်ဂျာ တစ်ဦးဖြစ်သည့် Ataullah Abu Ammar Jununi ဦးဆောင်သည့် ARSA သည် ပိုမိုနိုင်ငံတကာ ချိတ်ဆက်မှုများ အားကောင်းလာပြီး ယခင် ရိုဟင်ဂျာ စစ်သွေးကြွအဖွဲ့များထက် ပိုမိုအစွန်းရောက်သော ချဉ်းကပ်မှုနည်းလမ်းများကို လုပ်ဆောင်ခဲ့သည်။

ရခိုင်ခေါင်းဆောင်များကလည်း ဒေသတွင်း ရိုဟင်ဂျာပြဿနာကို ကောင်းစွာ သဘောပေါက်ခဲ့ကြသည်။ ရခိုင်ခေါင်းဆောင်များက မွတ်ဆလင်မငြိမ်မသက်မှုများ ကြီးထွားလာနေသည်ကို ကောင်းစွာသတိရှိနေကြသော်လည်း နေပြည်တော်ရှိ အစိုးရအရာရှိများကမူ ယင်းအခြေအနေများနှင့် အဆက်ပြတ်နေခဲ့ကြသည်။ 2016 ခုနှစ် ဇူလိုင်လတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ "အရေးကြီးဆုံးအလုပ်" မှာ မည်သည့်ကိစ္စဖြစ်မည်ထင်သနည်းဟု မေးမြန်းသောအခါ ULA ခေါင်းဆောင် ထွန်းမြတ်နိုင်မှ ဘင်္ဂါလီ (ရိုဟင်ဂျာ မူဆလင်) ပြဿနာကို ဦးစားပေး ဖြေရှင်းရမည့် ကိစ္စဟု သတ်မှတ်ခဲ့သည်။ ၎င်းက NLD အစိုးရ အနေဖြင့် နိုင်ငံသားဖြစ်မှု အကျပ်အတည်းကို "တာဝန်ယူမှု" နှင့် "တာဝန်ခံမှု"ရှိစွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း အကြံပြုသည်။ ဆက်လက်၍ ထိုကဲ့သို့ ကိုင်တွယ်ဖြေရှင်းမှုသည်ပင် သက်ဆိုင်သူအားလုံးကို ကျေနပ်စေရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပေးခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများအပေါ် အစိုးရ၏ ပြင်းထန်သော တုံ့ပြန်မှုများ ပြုလုပ်ခဲ့မှုသည် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ ဂုဏ်သိက္ခာ ကို သိသိသာသာ ထိခိုက်စေခဲ့သည်။ အထူးသဖြင့် ကချင်ပြည်နယ်တွင် စတင်လာသော လတ်တလော ထိုးစစ်များကြောင့် မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံသူအများအပြားသည် NLD ၏ နှုတ်ဆိတ်နေခြင်း နှင့် မြန်မာ့ တပ်မတော်ကို ဆန့်ကျင်မှု မရှိခြင်းကြောင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် စိတ်ပျက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင်ဖြစ်ပျက်ခဲ့သော အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲကိစ္စရပ်များကို ကိုင်တွယ်ရာတွင် NLD အနေဖြင့် ကျရှုံးခဲ့သည်ဟုဆိုရမည်။ အထူးသဖြင့် ကာလရှည်ကြာ လူ့အခွင့်အရေး လှုပ်ရှားသူဖြစ်ခဲ့သည့် ဒေါ်ခင်ဥမ္မာသည်ပင်လျှင် ပြဿနာများကို စေ့စပ်ညှိနှိုင်းရန် မကြိုးစားခဲ့မှုများကြောင့် ဝေဖန်ခံခဲ့ရသည်။ NLD၏ တာဝန်ရှိသူများကလည်း ၂၀၁၅ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး သတိထားချဉ်းကပ်နေရသောကြောင့် ၎င်းတို့အနေနှင့် ပြဿနာများနှင့် မွတ်ဆလင်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ဖြေရှင်းရန် ကြိုတင်ပြင်ဆင်ထားခြင်းမရှိကြောင်း နှင့် အလေးမထားခဲ့ကြောင်းကို ဝန်ခံခဲ့သည်။

ရခိုင်အရေးအား ဖြေရှင်းရန် ကိုဖီအာနန်ကော်မရှင် ဖွဲ့စည်းခဲ့သော်လည်း NLD သည် ရွေးကောက်ပွဲကာလအတွင်း မွတ်ဆလင်များကို ဘေးဖယ်ထားပြီး သံတမန်နည်းအရသာ အချို့သော ဆုံးဖြတ်ချက်များကို လက်ခံခဲ့သည်။ သို့သော် NLD ၏ တုံ့ဆိုင်းမှုတွင် အကြောက်တရားသည်လည်း အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ အထူးသဖြင့်၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ထင်ရှားသော မွတ်စ်လင်မ်နှင့် NLD ရှေ့နေတစ်ဦးဖြစ်သူ ဦးကိုနီလုပ်ကြံခံရပြီးနောက်တွင်ဖြစ်သည်။ ထိုကဲ့သို့ ဦးကိုနီ လုပ်ကြံခံရမှုသည် ရှင်းလင်းသော သတင်းစကားတခု ဖြစ်ခဲ့သည့်အပြင် NLD ၏ အစိုးရသက်တမ်း ပထမနှစ်အတွင်းတွင် အချိုးအကွေ့တခုဖြစ်ခဲ့ပြီး တိုင်းရင်းသား ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ရပ်တန့်နေချိန်တွင် နိုင်ငံရေးအကျပ်အတည်း နက်ရှိုင်းလာခဲ့သည်။

## (၅) AA ပေါ်ပေါက်လာမှုနှင့် ရိုဟင်ဂျာများနှင့် ထိတွေ့ဆက်ဆံမှုများ

လက်ရှိဖြစ်ပေါ်နေသော ရိုဟင်ဂျာအကျပ်အတည်းများကြောင့် ၂၀၁၆ -၂၀၁၈ ကာလအတွင်း ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်(ULA) နှင့် ၎င်း၏ လက်ရုံးတပ်ဖွဲ့ ရက္ခိုင့်တပ်မတော် (AA) ပေါ်ပေါက်အားကောင်းလာခြင်းကို သတိမမူဖြစ်ခဲ့ကြသည်။ ဤသို့ဖြင့် ULA အနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ်အများအပြားကို ထိုးဖောက်ဝင်ရောက်ကာ ၎င်းတို့၏ နယ်မြေချဲ့ထွင်အားအင်ဖြန့်ကျက်မှုသည် ရခိုင်ပြည်နယ် မြို့တော် စစ်တွေ အနီးသို့ပင်ရောက်ရှိလာခဲ့သည်။ ထိုသို့ ချဲ့ထွင်မှုသည် ၁၉၇၀ ခုနှစ်များ နောက်ပိုင်းတွင် ရက္ခိုင်ဒေသအတွင်း၌ လက်နက်ကိုင် အတိုက်အခံ အဖွဲ့တခု၏ အကြီးမားဆုံးချဲ့ထွင်မှုဖြစ်သည်ဟု မှတ်ယူနိုင်သည်။

ရခိုင်ပြည်နယ်တွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ထူထောင်ရန် ရည်မှန်းချက်ဖြင့် ၂၀၁၉ ခုနှစ်အစောပိုင်းတွင် ULA သည် တပ်ဖွဲ့ဝင် ၇၀၀၀ အထိလေ့ကျင့်သင်ကြားခဲ့ပြီးဖြစ်သည်။ ၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာပြီး နေရာအနှံ့အပြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တိုက်ပွဲများကြောင့် ဒေသခံ ရွာသူရွာသား အမြောက်အမြား စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးတိမ်းရှောင်ရပြီး အစိုးရမှလည်း မြေပြင်စစ်ဆင်ရေးများနှင့် လေကြောင်းတိုက်ခိုက်မှုများကို ရိုဟင်ဂျာအသိုက်အဝန်းကိုပါ လုပ်ဆောင်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ ထို့အပြင် ၂၁ ရာစု ပင်လုံစာချုပ်မှ ဖယ်ထုတ်လိုက်ခြင်းကြောင့် အစိုးရနှင့် အေအေကြားတွင် တင်းမာမှုများနှင့် ပဋိပက္ခများ ပိုမိုပြင်းထန်လာခဲ့သည်။

မြန်မာစစ်တပ်၏ ထိုးစစ်များကြောင့် အေအေမှ ၂၀၁၉ ခုနှစ် အစပိုင်း တွင် အစိုးရ တပ်စခန်း များ ကို ပြင်းထန် စွာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီ ၄ ရက်တွင် ရက္ခိုင့်တပ်မတော်မှ ဘူးသီးတောင်မြို့နယ်ရှိ နယ်ခြားစောင့်ရဲကင်းစခန်းလေးခုကို အရှဏ်မတက်မီ ဝင်ရောက်စီးနင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးခဲ့သည်။ ၎င်းဖြစ်စဉ်အပြီး နောက်ထပ် ရက်သတ္တပတ်များအတွင်း ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများ ပိုမိုပြင်းထန်လာကာ ULA ၏ တိုက်စစ်ဆင်မှုကို တန်ပြန်ရန်အတွက် မြန်မာ့တပ်မတော်၏ တပ်ရင်းတပ်မအမြောက်အမြားမှ စစ်သည်အများအပြားကို ရခိုင်ပြည်နယ်သို့ စေလွှတ်ခဲ့သည်။ မြန်မာတပ်မတော်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် ပထမသုံးလအတွင်း တိုက်ပွဲပေါင်း ၉၇ ကြိမ်နှင့် မိုင်းတိုက်ခိုက်မှု ၃၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ပြီး၊ ယခင်နှစ် နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်မားလာခဲ့သည်။

ULA တာဝန်ရှိသူများ၏ အဆိုအရ အဆိုပါ ပဋိပက္ခဖြစ်ပွားရခြင်း၏ မူလဇစ်မြစ်မှာ ဗမာလူမျိုးကြီးဝါဒ ကြီးစိုးသော အစိုးရသည်ပင် အကြောင်းရင်းတစ်ခုမှ ဖြစ်သည်ဟု စောဒကတက်ခဲ့သည်။ တိုင်းဒေသကြီးနှင့် နိုင်ငံတော် အဆင့်တွင်ရှိသော NLD ၏ အုပ်ချုပ်ရေးများ အဖွဲ့များနှင့် မြန်မာစစ်တပ်သည် ဒေသခံလူထု၏ သဘောထားကို မသိကျိုးကျွန်ပြုပြီး ဒေသခံများက ၎င်းတို့၏ ပြဿနာများကို စုပေါင်းနည်းဖြင့် ဖြေရှင်းနိုင်မှုအား အဟန့်အတားဖြစ်စေခဲ့သည်ဟု ဆိုသည်။ ထို့အပြင် ULA ခေါင်းဆောင် ထွန်းမြတ်နိုင်မှ ၂၀၁၉ ဇန်နဝါရီ လ တွင်ပြုလုပ်သည့် ရောဝတီသတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် "မြန်မာ့တပ်မတော်က ရခိုင်ပြည်နယ်မှာ

ဆက်ရှိနေသောကြောင့် ရခိုင်နှင့် မွတ်ဆလင်ကြား သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာစေခဲ့တယ်။ ရခိုင်နှင့် မွတ်စလင်များကြား ပဋိပက္ခကိုဖန်တီးခဲ့တယ်... မျိုးစေ့ချခဲ့တယ်။ မြန်မာစစ်တပ်ဟာ ရခိုင်၊ မြို၊ ခမီနှင့် မွတ်ဆလင်များအကြား သဘောထားကွဲလွဲမှု ကိုလည်း လိုလားတယ်။ ရခိုင်က အချို့နေရာများတွင် ၎င်း၏အုပ်ချုပ်မှုအတွက် ဆင်ခြေအဖြစ် ပြဿနာများကို ဖန်တီးခဲ့တယ်။ ဒါက ပြဿနာပါ။" ဟုဆိုသည်။ AA ခေါင်းဆောင်မှလည်း AA နှင့် ARSA တို့အကြား ဆက်ဆံမှုများရှိနေသည်ဟု နောက်ပိုင်းတွင် မှ စွပ်စွဲသည့်အကြောင်း ပြောပြခဲ့ပြီး ရခိုင်ပြည်နယ်၌ ARSA ၏ တည်ရှိမှုကို ၎င်းတို့အတွက်လည်း လုံခြုံရေးဆိုင်ရာ စိုးရိမ်စရာတခုအဖြစ် ရှိသည်ဟု ဆိုခဲ့သည်။ ၎င်းမှ ဆက်လက်၍ မွတ်ဆလင်များနှင့်၎င်းတို့ကြား ပဋိပက္ခဖြစ်လျှင် ထို ပဋိပက္ခကို မြန်မာစစ်တပ်၏ လုပ်ရပ်များကို တရားမျှတစေရန် အကြောင်းပြချက်အဖြစ် အသုံးချ၍ မြန်မာစစ်တပ်အနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းကို ပြောဆိုလိမ့်မည်ဟု ဆိုသည်။ သို့သော်လည်း ထိုကဲ့သို့ ပဋိပက္ခများ မဖြစ်ပွားခဲ့သောကြောင့် မြန်မာစစ်တပ်သည် အေအေ ကိုလည်း ARSA နှင့် ဆက်စပ်သည်ဟုဆိုကာ အကြမ်းဖက်တံဆိပ်တပ်ရန် ကြိုးပမ်းလာတော့သည်။ ထိုကဲ့သို့ စွပ်စွဲမှုများ ရှိနေသော်လည်း ၎င်းတို့အနေဖြင့် လုပ်စရာရှိသည်များကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း AA ခေါင်းဆောင်က ပြောသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရခိုင်ကျောင်းသားများ၏ ဆန္ဒပြမှုနှင့်ပတ်သက်ပြီး ထောက်ခံရပ်တည်သည့်အနေဖြင့် ရိုဟင်ဂျာ ဒုက္ခသည်စခန်းတွင် ဆန္ဒပြခဲ့ခြင်းသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ နှင့် ရခိုင်လူထုအကြား လူမှုစည်းလုံးညီညွတ်မှုအတွက် အရေးကြီးသော အခိုက်အတန့်တစ်ခု ဖြစ်ပေါ်စေ ခဲ့သည်။ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၂၀ ရက်နေ့တွင် ရိုဟင်ဂျာ ကျောင်းသားသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူ မောင်ကျော်မြင့်က လူမှုအသိုက်အဝန်း ၂ခုလုံး ငြိမ်းချမ်းစွာ အတူတကွ နေထိုင်သင့်ပြီး ရခိုင်များခံစားနေသော ဒုက္ခများနှင့် ရက်စက်ကြမ်းကြုတ်မှုများသည် ၎င်းတို့၏ အတွေ့အကြုံများနှင့် ထပ်တူကျသဖြင့် ၎င်းတို့အနေဖြင့် ထိုနားလည်မှုရှိကြောင်းဆိုသည်။

## (၆) အိုင်စီဂျေမှ ရိုဟင်ဂျာဆိုင်ရာ တရားရေးအခင်းအကျင်း နှင့် ရက္ခိုင်ဒေသမှ ပုဂ္ဂိုလ်များ၏ အမြင်

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) မှ ထောက်ခံမှုဖြင့် ဂမ်ဘီယာနိုင်ငံသည် The Hague မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)တွင် မြန်မာနိုင်ငံအား တရားစွဲဆိုချက် တင်သွင်းခဲ့သည်။ ထိုအမှု၏ စွပ်စွဲချက်မှာ မြန်မာနိုင်ငံနိုင်ငံသည် ရခိုင်ပြည်နယ်မှာ နေထိုင်တဲ့ ရိုဟင်ဂျာတွေအပေါ် Genocide Convention ပါ ပြဋ္ဌာန်းချက်များစွာကို ချိုးဖောက်၍ ရက်စက်ကြမ်းကြုတ်မှုတွေ ကျူးလွန်မှုများရှိနေသည်ဟုဆိုသည်။ ဂမ်ဘီယာနိုင်ငံသည် ၁၉၇၈ ခုနှစ်ကတည်းက ထိုကွန်ဗင်းရှင်းကို လက်မှတ်ထိုးထားပြီး ကွန်းဗင်းရှင်း၏ပုဒ်မ ၉ အရ လူမျိုးတုံးသတ်ဖြတ်မှုနဲ့ ပတ်သက်ပြီး နိုင်ငံများအကြား အငြင်းပွားမှုတွေကို ခွင့်ပြုထားပြီး ICJ ရှေ့မှောက်တွင် တာဝန် ယူဆောင်ရွက်ရန် ခွင့်ပြုထားပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ICJ သည် ဂမ်ဘီယာနိုင်ငံ၏ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်မှုမှ ကာကွယ်ရန် ယာယီအစီအမံများ တောင်းဆိုခြင်းအပေါ် ကြားနာစစ်ဆေးခဲ့ပါသည်။တရားရုံး အဆိုပါ ယာယီကာကွယ်ရေးအစီအမံများကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုခဲ့ကြောင်း သိရ သည်။ တစ်နှစ်အကြာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် NLD အစိုးရအနေဖြင့် ပဏာမကန့်ကွက်စာတင်ခဲ့ပြီး တရားရုံး၏တရားစီရင်ပိုင်ခွင့်နှင့် ဂမ်ဘီယာနိုင်ငံအမှုကို ရှေ့ဆောင်ပိုင်ခွင့်ကို မေးခွန်းထုတ်ခဲ့သည်။ ထိုအချိန်တွင် ICJ ကိစ္စနှင့် ပတ်သက်၍ ရခိုင်နှင့် ရိုဟင်ဂျာ အသိုက်အဝန်းမှ သက်ဆိုင်သူ ပုဂ္ဂိုလ်များ၏ ရှုထောင့် နှင့် အမြင်များမှာ မှတ်သားစရာဖြစ်သည်။

၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ICJ မှ တရားသူကြီး (၁၇) ဖွဲ့ကတညီတညွတ်တည်းဖြင့် မြန်မာနိုင်ငံအား လက်ရှိတွင်လည်း ပြင်းထန်သော အခွင့်အရေးလျှို့ဖောက်ခံရမှု အန္တရာယ်ရှိနေသည့် ရိုဟင်ဂျာများအပေါ်

လူမျိုးတုံးသတ်ဖြတ်မှုများအား တားဆီးရန် လိုအပ်သော အစီအမံများ အားလုံးကို လိုက်နာဆောင်ရွက်ရန် ဆုံးဖြတ် အမိန့်ပေးခဲ့သည်။ ထားပါတယ်။ ထို အမိန့်တွင် သတ်ဖြတ်မှုနှင့် အပြင်းအထန်ထိခိုက်စေသော လုပ်ရပ်များကို ရှောင်ကြဉ် ကာကွယ်ရန်နှင့် ဖြစ်ပျက်ခဲ့ပြီးသော ဂျီနိုဆိုဒ်ကျူးလွန်နိုင်ခြေရှိခဲ့သော သက်သေများကို တင်ပြရန် ကိစ္စများပါဝင်သည်။ ရိုဟင်ဂျာ အသိုက်အဝန်းအနေဖြင့် ထို ဆုံးဖြတ်ချက်ကို ကြိုဆိုကြပြီး တရားမျှတမှုအတွက် ဆောင်ရွက်သည့် ခြေတလှမ်းဟု ရှုမြင်ကြသည်။ ယူကေရောက် မြန်မာရိုဟင်ဂျာများအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဦးထွန်းခင်မှ လူမျိုးတုံးသတ်ဖြတ်မှုကို ခံခဲ့ရသူများအတွက် အရေးကြီးသောအခိုက်အတန့်ဖြစ်သည့်အပြင် အဆိုပါ ဆုံးဖြတ်ချက်ကို ချီးကျူးခဲ့ပြီး မြန်မာနိုင်ငံ၏ ရက်စက်ယုတ်မာမှုများကို ကမ္ဘာက သည်းခံမည်မဟုတ်ကြောင်း ရှင်းလင်းသော သတင်းစကား ပေးပို့ခဲ့သည်။

ရခိုင်လူမှုအသိုက်အဝန်းမှ သက်ဆိုင်သူများ၏ အမြင်များကိုလည်း ၂၀၂၀ ဒီဇင်ဘာလတွင် သိရှိရသည်။ လွှတ်တော်အမတ်တဦးဖြစ်သူ ကျော်ဇောဦးမှ မြန်မာအစိုးရနှင့် မြန်မာစစ်တပ်အပေါ် တရားစွဲဆိုသော ထို အိုင်စီဂျေမှ အမှုသည် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကို ခံစားခဲ့ရသော တိုင်းရင်းသားလူနည်းစုများအတွက် အခွင့်အရေးတခု ဖြစ်သည်ဟုဆိုသည်။ အခြားသော ရခိုင်အရေးစောင့်ကြည့်သူများကလည်း နိုင်ငံသားဖြစ်ခွင့်ရသင့်သော ရိုဟင်ဂျာများကို စီစစ်ပြီး နိုင်ငံသားဖြစ်ခွင့်နှင့် လွတ်လပ်စွာ ခရီးသွားလာခွင့် ပေးသင့်ကြောင်းဆိုသည်။ အခြားသော ရခိုင်အရေးလေ့လာသူများက ထိုပြသနာများ၏ အဓိက တရားခံမှာ ရခိုင်ဒေသအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းစီမံအုပ်ချုပ်ပိုင်ခွင့် မရှိခြင်းကြောင့်ဟု ဆိုသည်။ ဆက်စပ်၍ ညီနောင်မဟာမိတ် ၃ ဖွဲ့၏ အဖွဲ့ဝင်ဖြစ်သော အေအေ မှ အိုင်စီဂျေ၏ ထုတ်ပြန်ချက်ကို ကြိုဆိုပြီး မြန်မာအစိုးရ နှင့် အထူးသဖြင့် မြန်မာစစ်တပ်ကို ပြစ်ဒဏ်ပေးသင့်ကြောင့် ထုတ်ပြန်သည်။

## (၇) ရက္ခိုင်ဒေသမှ ၂၀၂၀ ရွေးကောက်ပွဲများ

၂၀၁၇ ရိုဟင်ဂျာ အရေးအခင်းနှင့်အတူ ပေါ်ပေါက်လာသော ရှုပ်ထွေးသော အခင်းအကျင်းများ၊ ARSA ပေါ်ပေါက်လာခြင်း နှင့် AA ၏ နိုင်ငံရေး ရည်မှန်းချက်နှင့် ရေရှိန်မြင့်တက်လာခြင်း ကြောင့် ၂၀၂၀ ရွေးကောက်ပွဲနီးကပ်လာချိန်တွင် ဒေသတွင်း၌ မတည်ငြိမ်မှုများ မရေရာမှုများ ရှိနေခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှ ရွေးချယ်ခံခဲ့ရသည့် နိုင်ငံတော်အဆင့် ကိုယ်စားလှယ် ၂၉ ဦးအနက် ၃ ဦးမှာ ရိုဟင်ဂျာဖြစ်သည်။ ထိုရွေးကောက်ပွဲတွင် နောက်ထပ် ပြည်နယ် အဆင့် ကိုယ်စားလှယ် ၃၅ ဦးအနက် တွင် ၂ဦးမှာ ရိုဟင်ဂျာများဖြစ်သည်။ သို့သော် ၂၀၁၅ ရွေးကောက်ပွဲ၌ ရိုဟင်ဂျာများ မဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်မရှိခဲ့ပေ။

၂၀၂၀ ရွေးကောက်ပွဲတွင်ကား NLD အစိုးရအနေဖြင့် ဥပဒေအချို့ကို ပြန်လည်ပြင်ဆင်ပြီး ရိုဟင်ဂျာများကို မဲပေးခွင့် ပေးနိုင်သည့် အခွင့်အာဏာရှိခဲ့သည်။ ဥပဒေများကို ပြင်ဆင်ခြင်းဖြင့် ရိုဟင်ဂျာများကို မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်နိုင်ရန် လုပ်ဆောင်နိုင်စွမ်းရှိခဲ့သည်။ ထိုကဲ့သို့ ပြင်ဆင်ခြင်းသည် လက်တွေ့ကျပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ရိုဟင်ဂျာ အသိုက်အဝန်းနှင့်ဆက်ဆံပြီး ၎င်းတို့ပါတီဝင် ရိုဟင်ဂျာများ ရွေးကောက်ခံရရန် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း NLD နှင့် USDP ၂ပါတီစလုံးက ရိုဟင်ဂျာများကို နောက်ထပ်ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်ပေးရန် ရည်ရွယ်ချက် မရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အတွက် လူ့အခွင့်အရေးလှုပ်ရှားသူများအနေဖြင့် အနာဂတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ရိုဟင်ဂျာများကို ပါဝင်ခွင့်ပြုရန် အရေးဆိုခဲ့ကြသည်။ သို့သော်လည်း အရေးဆိုနိုင်မည့် လမ်းကြောင်းများ အကန့်အသတ်ကြောင့် နိုင်ငံတကာအသိုက်အဝန်းမှ ကြားဝင်ရန် လိုအပ်ခဲ့သည်။

၂၀၂၀ ခုနှစ် အောက်တိုဘာ ၁၆ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နိုဝင်ဘာ ၈ရက်တွင် ပြုလုပ်မည့်ရွေးကောက်ပွဲအား ရခိုင်ပြည်နယ်၏ နေရာအများစုတွင် ရုတ်တရက် ကန့်သတ်ရွှေ့ဆိုင်းလိုက်သည်။ ၂၀၁၅ ခုနှစ်ကတည်းက မဲပေးခွင့် ဆုံးရှုံးထားသော ရိုဟင်ဂျာများအပြင် ၇၃ ရာခိုင်နှုန်း သော ရခိုင်ဒေသခံများ၏ မဲပေးခွင့်

ဆုံးရှုံးလိုက်ရသည်။ ရခိုင်ဒေသတွင် ဖြစ်ပျက်နေသော တိုက်ပွဲများကြောင့် လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲ မကျင်းပနိုင်ဟုဆိုကာ ရွေးကောက်ပွဲကော်မရှင်မှ အကြောင်းပြသည်။ စစ်ပွဲများကြောင့် လုံခြုံရေးအခြေအနေဆိုးဝါးနေသည့် ပလက်မြို့အား အဘယ်ကြောင့် မပယ်ဖျက်ရသနည်းဟု မေးခွန်းထုတ်ကြရာ ရွေးကောက်ပွဲကော်မရှင် ချင်းပြည်နယ်ရှိ ထိုမြို့နယ်၏ နေရာအချို့ကို မဲပေးခွင့် ပိတ်ပင်လိုက်သည်။ ရွေးကောက်ပွဲကော်မရှင်၏ ထိုဆုံးဖြတ်ချက်များကြောင့် ရခိုင်ပြည်နယ်တွင် ရွေးကောက်ခံရသူ အရေအတွက် သိသိသာသာ လျော့ကျသွားပြီး ပြည်နယ်အဆင့်တွင် ၃၄ ဦးအစား ၁၄ ဦးနှင့် ပြည်ထောင်စုအဆင့်တွင် ၂၉ ဦးအစား ၁၆ ဦးသာ ရွေးကောက်ခံခဲ့ရသည်။ ကျင်းပခဲ့သော မဲဆန္ဒနယ်များမှာလည်း မြို့ပေါ်ဒေသများတွင်သာ ဖြစ်ပြီး မြို့နယ်အဆင့်နေရာများတွင် မဲဆန္ဒရုံများ မရှိခဲ့ပါ။

ရွေးကောက်ပွဲကော်မရှင်၏ ရခိုင်ပြည်နယ်၏ နေရာအချို့ကို ရွေးကောက်ပွဲ မပြုလုပ်စေသော ဆုံးဖြတ်ချက်သည် အထူးသဖြင့် ရခိုင်နိုင်ငံရေးပါတီများ အပါအဝင် လူနည်းစုတိုင်းရင်းသား ပါတီများကို အမျက်ထွက်စေခဲ့ပြီး NLD ၏ အာဏာ လုယူမှုဟု မြင်ကြသည်။ အဆိုပါ ရွေးကောက်ပွဲသည် NLD အားကောင်းသော ရခိုင်တောင်ပိုင်းဒေသများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ANP အားကောင်းသည့် ရခိုင်အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ရွေးကောက်ပွဲ ပြုလုပ်ခြင်းမရှိခဲ့ပေ။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ရခိုင်ပါတီများ၏ နိုင်ငံရေးလွှမ်းမိုးနိုင်မှုကို လျော့ကျစေပြီး စစ်တပ်နှင့် ကြံ့ခိုင်ရေးပါတီတို့အနေဖြင့် နေရာများ ပိုမိုရရှိခဲ့သည်။ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးမှ စစ်တပ်နှင့် ပြည်ထဲရေးဌာနမှ တိုက်ပွဲများကြောင့် နေရာအများစုကို ကန့်သတ်စေခြင်းဖြစ်ကြောင်းနှင့် NLDမှ ကန့်သတ်ရန် အကြံပြုသည့် နေရာ အနည်းငယ်သာ ရှိခဲ့ကြောင်း ဆိုသည်။ ဤသို့ဖြင့် UEC ၏ ဆုံးဖြတ်ချက်နှင့် စစ်ဖက်၏ အကြံပြုချက်များ ရောထွေးနေတော့သည်။

တခြားတဖက်တွင် ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တောင်ပိုင်းဒေသများတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းခံရသည့်ဒေသများတွင် AA နှင့် မြန်မာတပ်မတော်တို့အကြား တိုက်ပွဲများ အပြင် ဒေသဆိုင်ရာအစိုးရအုပ်ချုပ်ရေးကဏ္ဍ၏ အားနည်းလာမှု၊ COVID-19 ကြောင့် မဲဆွယ်စည်းရုံးမှုများဆိုင်ရာ ကန့်သတ်ချက်များနှင့် အင်တာနက်ဆက်သွယ်ရေးဆိုင်ရာ ကန့်သတ်ခံထားရမှုများရှိသည်။ ဤအခြေအနေသည် မဲဆန္ဒရှင်စာရင်းကို ကျဆင်းစေပြီး ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များအနေဖြင့်လူဦးရေ၏ အနည်းငယ်မျှသာ ကိုယ်စားပြု သည့် အခြေအနေကို ဖြစ်ပေါ်စေခဲ့သည်။ AA အနေဖြင့် အစိုးရ၏ ကိုယ်စားပြုမှုကို လျှော့ချခြင်းဖြင့် အကျိုးကျေးဇူး များ ရှိသည့်အတွက် အုပ်ချုပ်ရေးပိုင်း အရာရှိများ နှင့် ရွေး ကောက်ခံအရာရှိများကို ပစ်မှတ်ထားလာခြင်းများလည်း ရှိလာသည်။ ဤအခြေအနေသည် ပဋိပက္ခနှင့် လူ့အခွင့်အရေးကို ပိုမိုဆိုးရွားစေခဲ့ပြီး လက်နက်ကိုင် တော်လှန်ရေးများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရှာဖွေနေသူများအတွက် ပိုမိုကြီးမားသော ပိုမိုဆွဲဆောင်မှုရှိသော ရွေးချယ်မှုတစ်ခု ဖြစ်လာစေသည့်အပြင် AA ၏ အင်အားနှင့် သြဇာလွှမ်းမိုးမှုကို အားကောင်းစေခဲ့သည်။

ရိုဟင်ဂျာအသိုက်အဝန်းမှာမူ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အစိုးရအနေဖြင့် ရွေးကောက်ပွဲ ဥပဒေတချို့ကို ပြင်ဆင်ပြီး ရိုဟင်ဂျာများကို ရွေးကောက်ခံပိုင်ခွင့်ပေးလာမည်ကို မျှော်လင့်ခဲ့ကြသည်။ သို့သော် ၂၀၂၀ ခုနှစ် Human Rights Watch ၏ အစီရင်ခံစာအရ အစိုးရအနေဖြင့် ၁၉၈၂ နိုင်ငံသားဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများကို အသုံးပြု၍ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံတွင် မျိုးရိုးစဉ်ဆက်ေနထိုင်လာေသာ်လည်း နိုင်ငံရေးဖြစ်စဉ်တွင်မလာဝင်လာနိုင်ရန် ဖိနှိပ်ခဲ့နိုင်သည်ဟုဆိုသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အစိုးရသည် ထိုဥပဒေများကို မပြင်ဆင်သည့်အပြင် ရိုဟင်ဂျာများအပေါ် စစ်တပ်မှ ကျူးလွန်သသည့် လူမျိုးအလိုက်ရှင်းလင်းရေးနှင့် ဂျီနိုင်ဆိုက်ဖြစ်နိုင်သည့် ကျူးလွန်မှုများကိုပါ ထောက်ခံပေးခဲ့သည်။ မြန်မာနိုင်ငံအတွင်း နှင့်ပြည်ပရှိသော ရိုဟင်ဂျာ ဒုက္ခသည်များအနေဖြင့် မဲပေးရန် ငြင်းပယ်ခံရသည့်အပြင် အခြားသော

နိုင်ထက်စီးနင်းကျူးလွန်မှုများကိုပါ ခံစားခံရသည်။ မဲစာရင်းတွင် ရိုဟင်ဂျာ ဒုက္ခသည် စခန်းများ ၊ ရွာများ မပါဝင်ခြင်းဖြင့် ရွေးကောက်ပွဲဖြစ်စဉ်မှ ဖယ်ထုတ်ခံခဲ့ရသည်။

ရိုဟင်ဂျာအသိုက်အဝန်း အနေဖြင့် ရွေးကောက်ပွဲအား တရားမျှတမှုကော လွတ်လပ်မှုကော ရှိသည်ဟု မယူဆပါ။ အယ်ဂျာဇီးယား ၏ တင်ပြချက် အရ ဘင်္ဂလာဒေ့ရှ်နိုင်ငံရှိ ကမ္ဘာအကြီးဆုံး ဒုက္ခသည်စခန်းတွင်နေထိုင်သူ အသက် ၆၅ နှစ်အရွယ် ယူစွတ် နှင့် Thomson Reuters Foundation ဖုန်းဖြင့်ပြောကြားရာတွင် "မဲပေးခွင့်မရတဲ့အတွက် ကျနော်အရမ်းဝမ်းနည်းမိပါတယ်။ ဒီကိစ္စကြောင့် ကျနော်တို့ဟာ သေလူ ဒါမှမဟုတ် အရေးမပါတဲ့လူအဖြစ် ခံစားရစေပါတယ်" ဟုဆိုသည်။ ၎င်းမှ ဆက်လက်၍ "ငါတို့ဟာ ငါတို့ကလေးတွေ တချိန်မှာ အင်ဂျာနီယာတို့၊ ဆရာဝန်တို့ ဖြစ်လာတာ မြင်ချင်ပါတယ်။ ဒါပေမဲ့ ဒီေမျှာ်လင့်ချက်တွေဟာ အနာဂတ်မှာ တကယ်ဖြစ်လာနိုင်မယ်လို့ ယူကြည်ချက်သိပ်မရှိပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှာ မဲပေးခွင့်ရရေးဟာ အလွန်အရေးကြီးပါတယ်။ ဒါပေမဲ့ ကျနော်တို့၂၀၂၅ ရွေးကောက်ပွဲမှာ မဲပေးခွင့် ရပါ့မလား မသေချာဘူး" ဟုဆိုသည်။

# အပိုင်း (၄) ၂၀၂၁ အာဏာသိမ်းမှုကာလ နောက်ပိုင်း

## (၁) အာဏာသိမ်းမှုအား ရက္ခိုင်ဒေသမှ သက်ဆိုင်သူ ပုဂ္ဂိုလ်များ၏ အမြင်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နေ့တွင် စစ်အာဏာသိမ်းပြီးနောက်တွင် အခြားသောဒေသများနှင့်စာလျှင် အာရကန်ဒေသတွင် အကြမ်းဖက်မှု ဆူပူမှုများ လျော့နည်းနေခဲ့သည်။ အာဏာသိမ်းစစ်အစိုးရအနေဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အင်အားစုများအား ဖိနှိပ်ရန် ကြိုးပမ်းနေချိန်တွင် ရခိုင်ပြည်နယ်၌ အထူးသဖြင့် ရခိုင်မြောက်ပိုင်းတွင် ULA မှ စင်ပြိုင်အစိုးတရပ်ကို ထူထောင်လာခဲ့သည်။ မြန်မာစစ်တပ်ကို ချေမှုန်းရန် AA အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် တူညီသော ရည်ရွယ်ချက်ရှိသော်လည်း AA အနေဖြင့် ၎င်း၏ ကိုယ်ပိုင်ရည်ရွယ်ချက်လည်းရှိနေသည်။ အေအေ စစ်ဦးစီးချုပ် ထွန်းမြတ်နိုင်မှ သူ့အားထောက်ခံသူများအား NUG ၏ ၂၀၂၁ အစောပိုင်းကာလမှ အဓိက တုံ့ပြန်ရေးဗျူဟာများဖြစ်သည့် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) များတွင် မပါဝင်ရန် နှင့် ရခိုင်ပြည်နယ်အတွင်း စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများ မပြုလုပ်ရန် တိုက်တွန်းခြင်းကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ ၂၀၂၂ နှစ် ဇန်နဝါရီလတွင် ၎င်းမှ ထပ်လောင်း၍ ULA အနေဖြင့် လက်ရှိဖြစ်ပွားနေသော ဗမာပြည်ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုများနှင့် အဝေးတွင် လှုပ်ရှားမည်ဖြစ်ပြီး ယခင်က ထိုကဲ့သို့လှုပ်ရှားမှုများမှ ရက္ခိုင်ဒေသအတွက် မည်သည့်အကျိုးမှ မရှိခဲ့ကြောင်း ဆိုသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဘင်္ဂလားဒေ့ရှ်မီဒီယာနှင့် အင်တာဗျူး တခုတွင် AA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်မှ ၎င်းတို့၏ အဓိက မျှော်မှန်းချက်ဟာ ရက္ခိတ ဖြစ်ပြီး ဆုံးရှုံးသွားသည့် အချုပ်အခြာအာဏာကို ပြန်လည် ရရှိရေး ဖြစ်သည်ဟုဆိုသည်။ ရက္ခိုင်ပြည်၏ ယခင်မျိုးဆက်များသည် ဗမာများ၏ နောက်ကိုသာ လိုက်ပြီး အချိန်များကို အလဟဿ ကုန်ဆုံးခဲ့ပြီး ၎င်းတို့အနေဖြင့် ၎င်းတို့၏ ပန်းတိုင်အတွက်သာ အလုပ်လုပ်မည်ဟု ဆိုသည်။ ဗမာပြည်၏ ဒီမိုကရေစီအရေးလှုပ်ရှားမှုများ၏ ဝေးရာတွင် အလုပ်လုပ်ခြင်းသည် ၎င်းတို့၏ မဟာဗျူဟာတခုဖြစ်ပြီး ၎င်းတို့အနေဖြင့် ထိုဖြစ်စဉ်များတွင် ပါဝင်မည်မဟုတ်ပဲ ထိုရုန်းကန်မှုတွင် ပါဝင်နေသော အဖွဲ့အစည်းများနှင့်မူ ဆက်ဆံလုပ်ကိုင်မည်ဖြစ်သည်။ သို့ပေမဲ့ ၎င်းတို့အနေဖြင့် ဉာဏ်အလိမ္မာဖြင့် ရပ်တည်မည်ဟုဆိုသည်။

အပြိုင်အစိုးရများနှင့်ပတ်သက်၍ အေအေပါဝင်သော ညီနောင်မဟာမိတ် ၃ ဖွဲ့ အနေဖြင့် အာဏာသိမ်းမှုနောက်ပိုင်းလာသော နွေဦးတော်လှန်ရေး လှုပ်ရှားမှုများအား အကြမ်းဖက် ဖြိုခွင်းနေမှုအား ရပ်တန့်ရန် မြန်မာစစ်တပ်အား သတိပေးခဲ့သည်။ ပဲခူးတွင် ဆန္ဒပြပြည်သူများအား သေစေနိုင်သည်အထိ မြန်မာစစ်တပ်မှ ဖြိုခွင်းခဲ့ပြီး တရက်အကြာတွင် လက်တုံ့ပြန်သည့်အနေဖြင့် ဧပြီ ၁၀ ရက်နေ့တွင် လားရှိုးမြို့နယ်ရှိ ရဲစခန်းတခုအား ပူးပေါင်းတိုက်ခိုက်ခဲ့သည်။ အာဏာသိမ်းမှု အစပိုင်းကာလတွင် AA အနေဖြင့် နှုတ်ဆိတ်နေခဲ့သော်လည်း ကချင်ပြည်မှ သတင်းများအရ အေအေတပ်သားများ သည် ကေအိုင်အေကဲ့သို့ မြောက်ပိုင်းမဟာမိတ်များနှင့်အတူ မြန်မာစစ်တပ်အား တိုက်ခိုက်နေကြောင်းသိရသည်။ ဤအခင်းအရာကို ကြည့်ခြင်းဖြင့် သီးခြားကိုယ်ပိုင်ရည်ရွယ်ချက်ဖြင့် လှုပ်ရှားနေသော ဒေသတွင်း အင်အားကြီးတပ်ဖွဲ့ဖြစ်သည့် အေအေ သည် ပြည်သူများအပေါ် စစ်တပ်၏ အကြမ်းဖက် ရက်စက်ဖြိုခွင်းမှုများအပေါ် မနှစ်မြို့ကြောင်း သိနိုင်သည်။

၂၀၂၁ အာဏာသိမ်းသည့်ကာလအတွင်း နိုင်ငံရေးပါတီများ၏ ရပ်တည်သည့် ပုံစံများမှာ မှန်သားဖွယ်ရာပင်ဖြစ်သည်။ ရခိုင်ဒေသ၏ အခြေအနေမှာ ခုခံတော်လှန်ရေးလှုပ်ရှားမှုများအတွက် အားသန်နေသော်လည်း နိုင်ငံရေး အထက်တန်းလွှာ အချို့မှာ စစ်အာဏာသိမ်းမှုကို ထောက်ခံနေခဲ့ကြသည်။ ALD ကဲ့သို့ ပါတီအချို့က စစ်အာဏာသိမ်းမှုကို အပြင်းအထန် ရှုံ့ချသော်လည်း ANP နှင့် AFP ကဲ့သို့ ရခိုင်ဒေသ၏ အကြီးမားဆုံး ပါတီ ၂ခုမှာမူ နှုတ်ဆိတ်နေခဲ့ကြသည်။ အာဏာသိမ်းစစ်အုပ်စုသည် ဤ အခြေအနေကို လျင်လျင်မြန်မြန်ဂရုပြုမိခဲ့ပြီး အာဏာသိမ်းပြီး ချက်ချင်းတွင်ပင် စစ်အုပ်ချုပ်ရေးကောင်စီ နေရာတချို့ကို ရခိုင်ပါတီများအား ကမ်းလှမ်းခဲ့သည်။ ALD

နှင့် AFP တို့က ထိုကမ်းလှမ်းမှုများကို လက်မခံခဲ့ကြသော်လည်း အကြီးမားဆုံးရခိုင်ပါတီဖြစ်သည့် ANP မှ လက်ခံခဲ့ပြီး ဒုဥက္ကဋ္ဌလည်းဖြစ် ပြောရေးဆိုခွင့်ရှိသူလည်း ဖြစ်သည့် ဒေါ်အေးနုစိန်မှ နိုင်ငံတော်အဆင့် စစ်ကောင်စီတွင် တာဝန်ယူခဲ့သည်။ ဆက်လက်ပြီး ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် အခြားသော ANP ပါတီဝင်ဖြစ်သူ ဇော်အေးမောင်မှ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုဝန်ကြီးတာဝန်ကို လက်ခံခဲ့သည်။ ဤသည်မှ ဖေဖော်ဝါရီ ၇ ရက်နေ့တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ရခိုင်လူမှုအဖွဲ့အစည်း ၄၇ ပူးပေါင်းထုတ်ပြန်သည့် ထုတ်ပြန်ချက်ကို လျစ်လျူရှုခြင်းဖြစ်သည်။

အစောပိုင်းတွင် ANP သည် စစ်အစိုးရကို ထောက်ခံခဲ့ပြီး ရခိုင်လူမျိုးတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်ဟု အကြောင်းပြချက် ပေးသော်လည်း ရခိုင်လူထု၏ ဝေဖန်မှုကို ခံခဲ့ရသည်။ သို့သော်လည်း လပိုင်း တချို့အကြာ လျစ်လျူရှုခံရပြီးနောက် ၎င်းပါတီသည် စစ်အုပ်ချုပ်ရေးမှ ၎င်းတို့ကိုယ်တိုင် ဝေးကွာရန်ကြိုးစားလာခဲ့ပြီး ဒေါ်အေးနုစိန်၏ စစ်ကောင်စီ ရာထူးလက်ခံမှုသည်ပင် သူမ၏ တကိုယ်တော် ဆုံးဖြတ်ချက်ဟု ဆိုလာခဲ့သည်။ အစောပိုင်းတွင် ကြားနေပုံစံနေခဲ့သော AFP ပါတီ သည် ၎င်းတို့ခေါင်းဆောင် ဒေါက်တာအေးမောင်အား စစ်ကောင်စီ မှ ထောင်မှ လွှတ်ခဲ့ပြီးနောက်ပိုင်းတွင် စစ်ကောင်စီ၏ ရွေးကောက်ပွဲအစီအစဥ်များကို သဘောတူလာတော့သည်။ သို့သော်လည်း မေလတွင် ANP နှင့် AFP ပါတီ ၂ခုလုံးသည် စစ်အစိုးရနှင့် ၎င်းတို့ကြား ပူးပေါင်းမှုမရှိကြောင်း ဆိုကြသည်။ ရက္ခိုင်လူထုများ၏ အမြင်အတိုင်းပင် ANP, ALD, AFP ပါတီများသည် NUG အား NLD ကို အသွင်ပြောင်းထားသော အင်အားစုဟုမြင်ပြီး ၎င်း၏ လှုပ်ရှားမှုများကို မပါဝင်ကြပေ။

## (၂) ရိုဟင်ဂျာ အသိုင်းအဝိုင်း၏ တုန့်ပြန်မှု

ရိုဟင်ဂျာများသည် အာဏာသိမ်းခြင်းကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကို အားပေးထောက်ခံခဲ့ကြပြီး၊ အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သော ပြည်သူများအား ဖိနှိပ်မှုများပြင်းထန်စွာ လုပ်ဆောင်သည့် အာဏာသိမ်းစစ်ကောင်စီ၏ လုပ်ရပ်များကို ရှုံ့ချခဲ့သည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အနေဖြင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခစခန်းမှ ရိုဟင်ဂျာလူငယ် တက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည့် ရှက်ဘီအာမတ်နှင့် သူ၏မိတ်ဆွေများသည် Twitter ကို အသုံးပြု၍ မြန်မာနိုင်ငံရှိ စစ်အာဏာသိမ်းဆန့်ကျင်ရေး ဆန္ဒပြ လှုပ်ရှားမှုများကို ထောက်ခံကြောင်းပြသခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးတည်းက စစ်ကောင်စီသည် “တရားမဝင်ခရီးသွားခြင်း” ဟုသော အကြောင်းပြချက်ဖြင့် ထောင်နှင့်ချီသော ရိုဟင်ဂျာများကို ဖမ်းဆီးခဲ့ပြီး၊ ရွှေ့ပြောင်းသွားလာခြင်း ကန့်သတ်ချက်အသစ်များကိုလည်း ချမှတ်ခဲ့သည်။ ထို့အပြင် ၎င်းတို့နေထိုင်ရာ စခန်းများ နှင့် ကျေးရွာများသို့ လူသားချင်းဆိုင်ရာကူညီထောက်ပံ့မှုများကိုလည်း ကန့်သတ်ခဲ့သည်။ စစ်ကောင်စီ၏ ထိုလုပ်ရပ်များသည် လူမျိုးရေးခွဲခြားမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု နှင့် လွတ်လပ်မှု ကို ပိတ်ပင်ခြင်း စသည့် လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်း ဖြစ်သည်။ ရခိုင်ပြည်တွင် ဆိုင်ကလုန်း မိုခါ အပြီး သုံးလကျော်သည် အထိ မုန်တိုင်းဒဏ်သက်ရောက်ခဲ့သော ရပ်ရွာများတွင် သွေးလွန်တုပ်ကွေးနှင့် ၄က်ဖျားရောဂါ ဖြစ်ပွားမှုအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုများ အပါအဝင် အရေးကြီးသော လူသားချင်းစာနာမှု အကူအညီများကို စစ်အစိုးရက ဆက်လက် ဟန့်တားနေဆဲဖြစ်သည်။ ထို့ပြင် လက်ရှိ အာဏာသိမ်းစစ်ကောင်စီလက်ထက်တွင် မြန်မာပြည်တွင်းရှိ ရိုဟင်ဂျာများ၏ အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ကာ၊ ဘင်္ဂလားဒေ့ရှ် ရှိ ရိုဟင်ဂျာများ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်ရေး အလားအလာများ နှောင့်နှေးမည်ကို စိုးရိမ်မှု ရှိကြသည်။ ယခင် ဒီမိုကရေစီ အစိုးရသည် ရိုဟင်ဂျာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့ သကဲ့သို့ လက်ရှိ စစ်အစိုးရသည် ၎င်းတို့၏ လုံခြုံရေးအပေါ် ပို၍ပင် ခြိမ်းခြောက်လာသည် ဟု စခန်းတွင်းနေထိုင်သည့် ရိုဟင်ဂျာ လူမျိုး တစ်ဦး မှ မှတ်ချက်ချသည်။ စစ်အာဏာသိမ်းခြင်းကြောင့် ကောင်းမွန်သော ရလာဒ်များ ရှိလာနိုင်သည်ကို သံသယရှိကြောင်းကို လည်း တပ်မတော်၏ အတိတ်ကာလက အကျင့်ပျက်ခြစားမှုများကို ကိုးကားပြောဆိုခဲ့သည်။

ဒုက္ခသည်များကြား ရှိနေသည့် ကြောက်ရွံ့မှုမှာ မြန်မာနိုင်ငံတွင် စစ်တပ် အာဏာရှိနေသရွေ့ နေရပ်ပြန်ရေး အကောင်အထည်ဖော်နိုင်မည် မဟုတ်ခြင်း ဖြစ်သည်။ စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင် သည်လည်း ရိုဟင်ဂျာ လူမျိုးတည်ရှိမှုကို ငြင်းဆန်ထားပြီး၊ ရိုဟင်ဂျာများ နေရပ်ပြန်လာနိုင်ရန် အခွင့်အရေးနည်းပါးကြောင်း ပြောဆိုခဲ့ဖူးသည်။ မြန်မာနိုင်ငံ အုပ်ချုပ်ရေးတွင် သိသာထင်ရှားသော ပြောင်းလဲမှုများ မရှိသရွေ့ ရိုဟင်ဂျာအရေး ကို ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းမရှိကြောင်းမှာ သိသာထင်ရှားလှသည်။ ယေဘုယျ အားဖြင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းရှိ ရိုဟင်ဂျာများ နှင့် တခြားနိုင်ငံများတွင် ရွှေ့ပြောင်းနေထိုင်ကြသော ရိုဟင်ဂျာ လူမျိုးများသည် စစ်အာဏာသိမ်းဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်နိုင်ခဲ့သော်လည်း၊ ရခိုင်ပြည်တွင်းရှိ ရိုဟင်ဂျာ လူမျိုးများသည် နိုင်ငံတဝန်းလုံးတွင် ဖြစ်ပွားနေသော ဒီမိုကရေစီလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရာတွင် ကန့်သတ်ချက်များကို ရင်ဆိုင်နေရဆဲဖြစ်သည်။

## (၃) ရိုဟင်ဂျာ အကျပ်အတည်း နှင့် အာရက္ခတပ်တော်၏ မူဝါဒ

ရိုဟင်ဂျာ အကျပ်အတည်းသည် ULA/AA အတွက် အဓိကထား ဖြေရှင်းရမည့် အကြောင်းအရာတစ်ရပ်ဖြစ်ပြီး ၎င်း၏ အုပ်ချုပ်မှုအတွက် စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်သည်။ ULA/AA ၏ ရိုဟင်ဂျာလူထုအပေါ် မူဝါဒ ကို လေ့လာသုံးသပ်ရာတွင် ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး နှင့် ရခိုင်ပြည်အတွင်း ရိုဟင်ဂျာလူထုအပေါ် အုပ်ချုပ်မှု မူဝါဒတို့ကို အခြေခံ၍ သုံးသပ်ရမည် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်မှ ရခိုင်မြောက်ပိုင်းတွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးနှင့်ပတ်သတ်ပြီး ULA/AA ၏ ပြောရေးဆိုခွင့်ရှိသူက ရိုဟင်ဂျာဒုက္ခသည် ပြန်လည်ထူထောင်ရေးအပေါ် ၎င်းတို့၏ ရပ်တည်ချက်ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ချက်ထုတ်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ပြောဆိုရေးခွင့်ရသူမှ ရိုဟင်ဂျာ အရေး ဖြေရှင်းရေးအတွက် ULA/AA မှာ တာဝန်ရှိသည်ဟု ယူဆပါက နိုင်ငံတကာအသိုင်းအဝိုင်း နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ အနေဖြင့် ULA/AA ၏ တည်ရှိမှုကို အသိအမှတ်ပြုရန် နှင့် ကုလမဂ္ဂအပါအဝင်၊ တခြားသော အင်အားကြီး နိုင်ငံများ၏ အကူအညီ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ULA/AA ၏ ခေါင်းဆောင် General Twan Mrat Naing ကလည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဘင်္ဂလားဒေ့ရှ်မီဒီယာနှင့် အင်တာဗျူးတွင် ရိုဟင်ဂျာပြဿနာကို လွယ်ကူရိုးရှင်းသော နည်းလမ်းဖြင့် ဖြေရှင်းရန် မဖြစ်နိုင်ကြောင်းနှင့် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်တို့အကြား နိုင်ငံတကာအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှု မရှိမဖြစ် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ရိုဟင်ဂျာ လူမျိုးများ၏ အခွင့်အရေး နှင့် နိုင်ငံသားဖြစ်မှု တို့ကို အသိအမှတ်ပြုသော်လည်း၊ လူ့အခွင့်အရေးနှင့် လူမျိုးစုဆိုင်ရာ အထောက်အထား ပြဿနာများကို သေချာစွာ ကိုင်တွယ်ရန် လိုအပ်ကြောင်းကို အထူးပြောကြားခဲ့ပြီး ရိုဟင်ဂျာအမည်တပ်ခြင်းက သမိုင်းကြောင်းနှင့် နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုများ ရောယှက်နေသည့် အကြောင်းအရာတစ်ရပ် ဖြစ်လာကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ရခိုင်လူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်ပြင်းပြခြင်း နှင့် သမိုင်းဆိုင်ရာ မကျေနပ်ချက်တို့က လူမျိုးစု နှစ်ခုကြား အကွဲအပြဲကို ပိုမိုအားကောင်းစေခဲ့သည်။ အာရက္ခတပ်တော်သည် ရိုဟင်ဂျာအကျပ်အတည်း ဖြေရှင်းရာတွင် ဘင်္ဂလားဒေ့ရှ်အစိုးရ ၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ပြီး၊ တခြားသော ပြင်ပ ဖိအားများကို သွေဖယ်ကာ ရခိုင်ပြည်ရှိ လူမျိုးများပေါင်းစည်းညီညွတ်ရေးကို တိုက်တွန်းလုပ်ဆောင်ခဲ့သည်။

Asia Times နှင့် ပြုလုပ်သော အင်တာဗျူးတွင် ဆက်စပ်ပြောကြားချက်အရ ULA ၏ ဦးဆောင်မှုအောက်တွင် ရခိုင်ပြည်ရှိနေထိုင်သူအားလုံး၏ လူ့အခွင့်အရေး နှင့် နိုင်ငံသားအခွင့်အရေးများကို အသိအမှတ်ပြုကြောင်း အလေးပေး ပြောကြားခဲ့သည်။ သို့ရာတွင် လက်ရှိအခြေအနေတွင် ရိုဟင်ဂျာ ဒုက္ခသည် အလုံးအရင်းကို နေရပ်ပြန်ပို့ခြင်းက မတည်ငြိမ်မှုများ ထပ်မံဖြစ်ပေါ်နိုင်ကြောင်းကိုလည်း သတိပေးပြောကြား ခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာ ဟူသော ဝိသေသ ကို ရခိုင်ပြည်သူအများစုက သဘောမတူသေးကြောင်း ULA ခေါင်းဆောင်ကလည်း အထူးပြောကြားခဲ့သည်။ ဒုက္ခသည်များ နေရပ်ပြန်လည်ပို့ဆောင်ရေးတွင် ULA/AA ၏ ရပ်တည်ချက်ကို ရိုဟင်ဂျာလူထုနှင့်

နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ တုံ့ပြန်မှုနည်းပါးနေသည်။ သို့ရာတွင် ထိုသို့ သတင်းထုတ်ပြန်ချက်များသည် ရိုဟင်ဂျာ အကျပ်အတည်းဖြေရှင်းရန် ULA/AA ၏ ချဉ်းကပ်မှုအဖြစ် အရေးပါသော လှုပ်ရှားမှုတစ်ရပ် အဖြစ်ရှုမြင်နိုင်သည်။ ULA ခေါင်းဆောင်များသည် မြန်မာတပ်မတော်၏ "သွေးခွဲအုပ်ချုပ်ရေး" နည်းပရိယာယ် ထဲသို့ ကျဆင်းသွားနိုင်ချေရှိသည့် ဤကိစ္စရပ်ကို နိုင်ငံရေးအရ အန္တရာယ်ရှိသည်ဟု ရှုမြင်ထားကြသည်။ ULA ၏ သဘောထားထုတ်ပြန်ချက်အပြီးတွင် စစ်ကောင်စီမှ နိုင်ငံရေးလှုပ်ရှားမှုအနေဖြင့် အေအေ ၏ ရိုဟင်ဂျာ၊ မူဆလင် အကျိုး စီးပွားနှင့် လိုက်လျောညီထွေဖြစ်ခြင်းအပေါ် မေးခွန်းထုတ်သည့် လက်ကမ်းစာစောင်များကို မြောက်ဦး နှင့် စစ်တွေမြို့များတွင် ဖြန့်ဝေပြီး ဝါဒဖြန့် သွေးခွဲရန် ကြိုးပမ်းခြင်းများရှိခဲ့သည်။ စစ်ကောင်စီ ဝါဒဖြန့် မီဒီယာများမှလည်း အေအေ ၏ ရခိုင်ပြည်အကျိုးစီးပွားပေါ်ထားသည့် သဘောထား နှင့် ကတိကဝတ်များကို မေးခွန်းထုတ်လာခဲ့ကြပြီး တင်းမာနေနှင့်ပြီးသော အခြေအနေများကို ပိုမို ဆိုးရွားလာစေခဲ့သည်။

## (၃.၁) အာရကန်ဒေသတွင်းရှိ ရိုဟင်ဂျာများအပေါ် ULA ၏ ချဉ်းကပ်မှုများ

အာရက္ခတပ်တော် အေအေ သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စစ်ကောင်စီ နှင့် အပစ်အခတ် ရပ်စဲရေး စတင်ပြီးနောက်တွင် ၎င်း၏ တရားစီရင်ရေး နှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်လာခဲ့သည်။ ရခိုင်ပြည်သူများကိုလည်း မှုခင်းဆိုင်ရာ ပြဿနာများကြုံတွေ့ပါက ၎င်းတို့၏ တရားရေးရာဌာနတွင် တိုင်တန်းရင် လှုံ့ဆော်ခဲ့သည်။ AA သည် ဒေသတွင်း ငြိမ်းချမ်းပြီး အောင်မြင်သော အုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် လိုအပ်နေသော လူမှုပေါင်းစည်းရေး လုပ်ငန်းစဉ်များ အထူးသဖြင့် ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝန်းကြားတွင် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ပထမဦးစွာ ၎င်း၏ချဉ်းကပ်မှုမှာ ရခိုင်ပြည် နယ်ဒေသများတွင် နေထိုင်သည့် ရိုဟင်ဂျာများ ပါဝင်သည့် လူမှုအသိုက်အဝန်းအားလုံးအတွက် အားလုံးပါဝင်နိုင်သော အုပ်ချုပ်မှုပုံစံဖြစ်သည်။ ထိုမဟာဗျူဟာသည် အလွန်အကောင်းမြင်ပြီး ဒေသတွင်းရှိ ရိုဟင်ဂျာများနှင့် အခြားနေထိုင်သူများမှ နွေးထွေးစွာကြိုဆိုသော ခြေလှမ်းသစ်တစ်ခုဖြစ်သည်။ ULA သည် ပြန်လည်သင့်မြတ်ရေး နှင့် ရိုဟင်ဂျာ လူ့အဖွဲ့စည်းအား ရခိုင်ပြည်တွင်း အုပ်ချုပ်ရေးတွင် ပေါင်းစည်းပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့သည်။ ရခိုင်နှင့် ရိုဟင်ဂျာ ဆက်ဆံရေးကို အဓိက အာရုံစိုက်ပြီး ရပ်ရွာ စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည့် ပြဿနာများကို ဖြေရှင်းရန် အမျိုးမျိုးသော အစပျိုးမှုများမှတစ်ဆင့် ရခိုင်ပြည်နယ်တစ်ဝှမ်း လူ့အဖွဲ့အစည်းများ ဖြစ်ကြသည့် တခြားတိုင်းရင်းသားများနှင့် ဘာသာရေးအဖွဲ့များအကြား သဟဇာတဖြစ်မှုကို မြှင့်တင်ရန်ကြိုးပမ်းခဲ့သည်။ အားလုံးပါဝင်နိုင်စေရန်အတွက် ULA/AA ကိုယ်စားလှယ်များသည် နိုင်ငံခြားသားဖြစ်မှုဟု အဓိပ္ပာယ်သက်ရောက်သည့် "ဘင်္ဂါလီ" ဟူသော အသုံးအနှုန်းထက် ရိုဟင်ဂျာကို မူဆလင် အဖြစ် ရည်ညွှန်းပြောဆိုရန် တိုက်တွန်းထားသည်။ ထို့အပြင် ULA/AA သည် ရိုဟင်ဂျာများ၏ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်မှု အရေးကြီးကြောင်း အလေးပေးဖော်ပြခဲ့သည်။ လူမှုပေါင်းစည်းညီညွတ်မှုအတွက် ချဉ်းကပ်မှုများအဖြစ် ULA သည် ၎င်းတို့ ထိန်းချုပ်နယ်မြေများတွင် ဘောလုံးပွဲများ၊ ရိုးရာပွဲတော်များ နှင့် ဂီတဖျော်ဖြေပွဲများကဲ့သို့သော ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးပြီး ရပ်ရွာပူးပေါင်းဆောင်ရွက်မှု ကို မြှင့်တင်ခဲ့သည်။

ဤစုဝေးပွဲများသည် ရိုဟင်ဂျာနှင့် ရခိုင်ဒေသခံများကြား လူမှုစည်းလုံးညီညွတ်မှုနှင့် လူမှုအသိုင်းအဝိုင်း အပြန်အလှန်ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်သည်။ လူမှုပေါင်းစည်းရေး နှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ရန် ကြိုးပမ်းမှုအဖြစ် ရှုမြင်သော အဆိုပါ စုဝေးပွဲ၊ ပျော်ပွဲရွှင်ပွဲများတွင် ရိုဟင်ဂျာခေါင်းဆောင်များနှင့် မီဒီယာများအား ဖိတ်ခေါ် ပြီး ပါဝင်ဆင်နွှဲစေခဲ့သည်။ ထို့အပြင် ULA သည် ရိုဟင်ဂျာများအား ULA ၏ စစ်တပ်၊ ရဲ နှင့် တရားစီရင်ရေး အပါအဝင် အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် ပါဝင်စေခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာပါဝင်မှု ကို မြှင့်တင်ရန် လုပ်ဆောင်ခဲ့သည်။ ဥပမာ- ရိုဟင်ဂျာစစ်သားတစ်ဦး က ဒေသခံများကို ၎င်းတို့၏ ဘာသာစကားဖြင့် စစ်ဆေးမေးမြန်းသည့် ဗွီဒီယိုတစ်ခုကို ကြည့်ရှုခဲ့ကြရပြီး၊ မင်းပြားမြို့နယ်ကဲ့သို့သော ULA ထိန်းချုပ် နယ်မြေများ တွင် အကျင့်ပျက်ခြစားမှုလျော့နည်းလာခြင်း နှင့် ရပ်ရွာဆက်ဆံရေး တိုးတက်ကောင်းမွန်လာ သည်ကို လေ့လာ

မှတ်သားခဲ့ရသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် လူမျိုးစုများအကြား ဆက်ဆံရေးများကို တိုးတက်လာစေပြီး ရိုဟင်ဂျာများကို ဒေသအုပ်ချုပ်ရေးတွင် ပိုမိုပါဝင်လာစေရန် ရည်ရွယ်ထားသည်။ ULA ထိန်းချုပ်ထားသော ကျေးလက်ဒေသများတွင် ရိုဟင်ဂျာနှင့် ရခိုင်လူမျိုးများအကြား လူမှုဆက်ဆံမှုများ ပိုမိုကောင်းမွန်လာသည် ကို တွေ့မြင်ရပြီး စစ်ကောင်စီ ထိန်းချုပ်ထားသော မြို့ပြနှင့် မြို့ပြနယ်များတွင် သီးခြားစီနေထိုင်ရသည့် လူမျိုး နှစ်ခုကြား တွေ့မြင်ရသည် တင်းမာမှု အခြေအနေနှင့် ကွဲပြားနေသည်။

ULA/AA ၏ လုပ်ဆောင်ချက်များ နှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကျောက်တော်မြို့နယ်တွင် ဘောလုံးပွဲကျင်းပပြီးနောက် ရိုဟင်ဂျာ လူထုခေါင်းဆောင်တစ်ဦးက "ULA က စီစဉ်ခဲ့သော ဘောလုံးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ မတူကွဲပြားသော လူမျိုးစုအကြား လူမှုရေး စည်းလုံးညီညွတ်မှုနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူဖြစ်ကြောင်း နှင့် ပွဲဖြစ်မြောက်ရေးအတွက် ကျွန်တော်တို့ကိုလည်း ပါဝင်ဆွေးနွေး ခွင့်ပြုခဲ့သည်" ဟု ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ RFA ၏ သတင်းထုတ်ပြန်ချက်တွင် ULA က ဘူးသီးတောင်မြို့နယ်တွင် ရဲနှင့် တရားစီရင်ရေးဌာနများ ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်မှာ ULA ၏ အုပ်ချုပ်ရေး တိုးတက်မှုများကို ထင်ရှားစေခဲ့သည်။ ဒေသခံ မွတ်စလင် အမျိုးသမီးတစ်ဦးမှ "ရခိုင်ပြည်နယ်ကို ဗမာပြည် အစိုးရ အုပ်ချုပ်စဉ်တွင် ကျွန်မတို့ လူမျိုးစုကို ခွဲခြားဆက်ဆံခဲ့ပြီး ပြည်သူ့ဝန်ထမ်း၊ ကာကွယ်ရေး သို့မဟုတ် ပြည်ထဲရေးကိစ္စများတွင် ပါဝင်ခွင့်မရခဲ့ဘူး။ လေ့ကျင့်သင်တန်း တက်ရောက်ခွင့်ကိုလည်း ဘယ်တော့မှ ရရှိဖူးခြင်း မရှိခဲ့ပါ" ဟု ဝေဖန်ပြောကြားခဲ့သည်။

အလုံးစုံပါဝင်နိုင်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သည့်အပြင်၊ ULA/AA ၏ မတူကွဲပြားသော လူ့အဖွဲ့အစည်းအသီးသီးအပေါ် တရားမျှတသော ဆက်ဆံမှုအား COVID-19 ကပ်ဘေးကာလ နှင့် သဘာဝဘေးအန္တရာယ်များကဲ့သို့ ဆိုင်ကလုန်း မိုခါ ဖြစ်ပွားရာ ၂၀၂၃ ခုနှစ် မေလ အရေးပေါ်အခြေအနေများ တွင် ULA/AA ၏ လုပ်ဆောင်ချက်များက သက်သေပြခဲ့သည်။ ဆိုင်ကလုန်း မုန်တိုင်း မတိုက်မီ နှင့် မုန်တိုင်းအပြီးတွင် ULA နှင့် မူဆလင် အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ၎င်းတို့၏ ဆက်ဆံရေး ကောင်းမွန်ပြီး သဃဇာတ ဖြစ်မှုကို ထင်ရှားစေသည်။ မေလ ၁၃ ရက်နေ့အထိ ရခိုင်နှင့် မူဆလင်အသိုင်းအဝန်းမှ လူ ၁၀၂၀၀၀ နီးပါးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ပြီး မုန်တိုင်းသင့်ပြည်သူများအား စားနပ်ရိက္ခာ၊ ဆေးဝါး နှင့် နေရာထိုင်ခင်းတို့ စီစဉ်ပေးပြီး၊ ၎င်းတို့၏ လုံခြုံရေးအတွက် တာဝန်ယူခဲ့သည်။ မုန်တိုင်းအလွန်ကာလတွင်လည်း ULA အဖွဲ့များသည် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးခြင်းတို့ကို လူမျိုး၊ ဘာသာ မခွဲခြားဘဲ လုပ်ဆောင်ပေးခဲ့သည်။ ထိုကဲ့သို့သော အပြုသဘောဆောင်သောချဉ်းကပ်မှုမျိုးများကို ULA/AA ၏ အုပ်ချုပ်မှုမှ လုပ်ဆောင်ခဲ့ပြီး လူ့အဖွဲ့အစည်းများကြား လူမှုစည်းလုံးညီညွတ်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသတွင်းရှိ တိုင်းရင်းသားများနှင့် နေထိုင်သူအားလုံး ပါဝင်လာစေရန်အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အောင်မြင်မှုဆီသို့ ရှေ့သို့ တက်လှမ်းရန် ပထမဆုံးသော ခြေလှမ်းများဖြစ်သည်။

## (၄) အာဏာသိမ်းပြီးနောက် ရခိုင်ပြည်တွင်း လူမှုသဟဇာတ ဖြစ်မှု အခြေအနေ

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ရိုဟင်ဂျာ မူဆလင်နှင့် ရခိုင် ဗုဒ္ဓဘာသာသားများအကြား လူမှုရေးစည်းလုံးညီညွတ်မှုအခြေအနေများ ပိုမိုကောင်းမွန်လာသည်ဟု သတ်မှတ်နိုင်သည်။ မူဆလင်များအပေါ် ဖွဲ့စည်းပုံဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့် ဗုဒ္ဓ-မူဆလင်ဆက်ဆံရေးများတွင် အဆက်မပြတ် တင်းမာနေသော်လည်း၊ မူဆလင်များအပေါ် ပိုမို ပွင့်လင်းလာခြင်းကို အထူးသဖြင့် လူငယ်မျိုးဆက်များအနက် တွေ့ရှိနိုင်သည်။ စာရေးသူက လူမှုမီဒီယာကို စိစစ်လေ့လာမှုအရ အာဏာသိမ်းမှု ဖြစ်ပြီးနောက် ရခိုင်လူထုအနက် မူဆလင်များအပေါ် မုန်းတီးရေးသားချက်များ လျော့နည်းလာခြင်းကို ထင်ရှားစွာ တွေ့ရှိခဲ့သည်။ ထို့ပြင် ရခိုင်ပြည်သူတစ်ရပ်လုံးသည်

မြန်မာစစ်တပ်အပါအဝင်၊ ဗမာလူထုတစ်ရပ်လုံး နှင့် ကင်းကွာလာသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ထိုသို့အပြောင်းအလဲများက အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းလိုသော ရခိုင်နိုင်ငံရေးပါတီများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး၊ ၎င်းတို့နိုင်ငံရေးပါတီများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ခြိမ်းခြောက်လာသည်။ ရိုဟင်ဂျာ နှင့် ရခိုင့် လူအဖွဲ့အစည်းနှစ်ခုကြား ပူးပေါင်းဆက်ဆံရေး နှင့် လူမှုပေါင်းစည်းမှုဆိုင်ရာ တွေ့ဆုံ၊ ဆွေးနွေးပွဲများလည်း ရှိလာခဲ့သည်။

မူဆလင် တက္ကသိုလ်ကျောင်းသားများ နှင့် ရခိုင်အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ကုရ်ဘာနီ အီးဒ် (Kurbani Eid) ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရခိုင်ပြည် မြို့တော် စစ်တွေမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။ အဆိုပါပွဲကို ဇူလိုင်လ ၁၁ ရက် နေ့လယ် ၃ နာရီချိန်တွင် စစ်တွေမြို့ SS စားသောက်ဆိုင်တွင် ကျင်းပခဲ့ပြီး မူဆလင်ကျောင်းသား၊ ကျောင်းသူများ၊ ရခိုင်လူငယ်အဖွဲ့အစည်း နှင့် ကျောင်းသားအသင်းအဖွဲ့များ၊ တခြားလူမျိုးစု အဖွဲ့အစည်းများ နှင့် NGO မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ အစ္စလာမ်ဘာသာဝင်များ နှင့် ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းနှစ်ခုလုံး အတူတကွပါဝင်ဆင်နွှဲခဲ့ကြသည့် ပထမဆုံးပွဲတော်အဖြစ်လည်း ထင်ရှားခဲ့ပြီး၊ စစ်တွေမြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား သမဂ္ဂအဖွဲ့ဝင်များ၊ ရခိုင်လူငယ်အစည်းအရုံး၊ အခြေခံကျောင်းသားသမဂ္ဂ၊ အမျိုးသမီးများမျိုးဆက် အသင်းဝင်များ၊ ပီးချောင်း Institute အပါအဝင် ကမန်တိုင်းရင်းသားများ စုံလင်စွာ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတက်ရောက်လာသူအားလုံးကို မွတ်ဆလင်ရိုးရာအဆာပြေမုန့်ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ အခမ်းအနားတွင်ပါဝင်သည့် မွတ်ဆလင်ကျောင်းသားတစ်ဦးဖြစ်သည့် ကိုဇော်မင်းထွန်းက ပူးပေါင်းဆောင်ရွက်သည့် စိတ်ဓာတ်ကို ချီးကျူးကာ ရခိုင်ပြည်နယ်တွင် အနာဂတ် စည်းလုံးညီညွတ်မှု တိုးပွားလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ရခိုင်လူမျိုးများ၏ အပြုသဘောဆောင်သော နားလည်မှုနှင့် အပြန်အလှန်လေးစားမှုကို မီးမောင်းထိုးပြခဲ့သော Eid ပွဲတော်သည် နိုင်ငံတော်အတွင်းရှိ လူမှုအသိုက်အဝန်းများအကြား ပိုမိုသဟဇာတဖြစ်မှုကို အထောက်အကူပြုနိုင်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့အပြင် ယခင်က မြို့နယ်တိုင်းတွင် ရိုဟင်ဂျာများ လွတ်လပ်စွာသွားလာခွင့်ကို သိသိသာသာ ကန့်သတ်ထားသော်လည်း၊ ULA/AA သည် ရခိုင်ပြည်တွင် မြန်မာစစ်တပ် နှင့် ရဲတပ်ဖွဲ့ဝင်များ တည်ရှိမှုကို လျော့ချပြီး ရပ်ရွာလူထုများနှင့် လက်တွဲကာ ရိုဟင်ဂျာများ ရခိုင်ဒေသရှိ နယ်မြေအများအပြားတွင် လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် စတင်အားထုတ်လာခဲ့သည်။ ဥပမာအားဖြင့် ရသေ့တောင်မြို့နယ်ရှိ ရခိုင်လယ်သမားတစ်ဦးက CORA နှင့် တွေ့ဆုံမေးမြန်းခန်းတွင် “ရခိုင်ပြည်သူ့ အာဏာပိုင်အဖွဲ့ (APA) က မူဆလင်တွေ ရခိုင်ရွာတွေ ဖြတ်သန်းသွားလာခွင့်ကို ကန့်သတ်ခြင်းမပြုရန် ရခိုင်ပြည်သူများအား ညွှန်ကြားထားခြင်းကြောင့် မူဆလင်တွေက ရခိုင်ရွာတွေကို ဖြတ်သန်းသွားလာလို့ ရနေပါပြီ” ဟု ပြောကြားခဲ့သည်။ အလားတူ စစ်တွေမြို့နယ်မှ ရိုဟင်ဂျာခေါင်းဆောင်တစ်ဦးက ULA/AA ၏ ကြိုးပမ်းမှုများသည် ပိုမိုလှုပ်ရှားသွားလာမှုနှင့် အသက်မွေးဝမ်းကျောင်းများ လွယ်ကူချောမွေ့စေကြောင်း ပြောကြားရာတွင် “ရခိုင်ရွာတွေဆီ သွားလည်တဲ့အခါ လုံခြုံရေးပြဿနာရှိရင် သူတို့ဆီအကူအညီတောင်းဖို့ ULA/AA က ကျနော်တို့ကို ပြောတယ်။ ဒီပံ့ပိုးကူညီမှုက ရခိုင်ဒေသတွေမှာ လွတ်လပ်စွာ သွားလာလုပ်ကိုင်နိုင်စေတယ်” ဟု မှတ်ချက်ချခဲ့သည်။

ULA/AA ၏ ချဉ်းကပ်မှုမှာ လူမျိုးစုအချင်းချင်းနှင့် ဘာသာရေး အချင်းချင်း သဟဇာတဖြစ်မှုအပေါ် အာရုံစိုက်ပြီး ရခိုင်ပြည်နယ်အတွင်း ယခင်နိုင်ငံရေး လှုပ်ရှားမှုများနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းမှုမှာ ထင်ရှားသည်။ ထိုသို့ ULA/AA ၏ လူမျိုးစုံပူးပေါင်းပါဝင်နိုင်ရေး ကြိုးပမ်းချက်၏ အရင်းခံအကြောင်းရာမှာ ရှုပ်ထွေးနေဆဲဖြစ်ပြီး တချို့က ထိုလုပ်ဆောင်ချက်များသည် ရိုဟင်ဂျာများအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုကြောင့်ဖြစ်နိုင်သည်ဟုမှတ်ချက်ချကြသော်လည်း ULA/AA ၏လုပ်ရပ်များသည် ကောင်းမွန်သော ရလဒ်ကိုဦးတည်နေခဲ့သည်မှာ ငြင်းဆို၍မရပေ။ မြန်မာပြည် အနောက်ပိုင်းဒေသတွင် လုပ်ဆောင်နေကြသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေအနေဖြင့် ထိုပြောင်းလဲမှုကို ဂရုတစိုက်ထားသင့်ပြီး

ဒေသတွင်း တည်ငြိမ်ချမ်းရေးအတွက် လူမှုစည်းလုံးညီညွတ်ရေး အရေးကြီးကြောင်း ULA/AA၏ နားလည်လက်ခံထားမှုကို အသိအမှတ်ပြုသင့်သည်။ ULA/AA ၏ ကြိုးပမ်းမှုကြောင့် လူ့အဖွဲ့အစည်းနှစ်ခုကြား ဆက်ဆံရေးမှာ တိုးတက်မှုများရှိလာခဲ့သော်လည်း လူမျိုးရေး ခွဲခြားဆက်ဆံခြင်း နှင့် ဘက်လိုက်မှုဆိုင်ရာ စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ ULA/AA ၏ ထိပ်တန်းခေါင်းဆောင်များသည် လူ့အဖွဲ့အစည်းအချင်းချင်း သဟဇာတဖြစ်မှုနှင့် ခွဲခြားဆက်ဆံမှု ကင်းရှင်းရေးအတွက် အားပေးလုပ်ဆောင်နေသော်လည်း ဒေသဆိုင်ရာ အုပ်ချုပ်မှုများကြားတွင် ဤမူဝါဒ၏ ထိရောက်မှုအတိုင်းအတာကို စောင့်ကြည့်ရန်လိုအပ်ဆဲဖြစ်သည်။

## (၅) ရိုဟင်ဂျာ နေရပ်ပြန်ရေး ဘင်္ဂလားဒေ့ရှ်နှင့် ULA ကြား ဆက်ဆံရေး

၂၀၂၃ နှစ်ကုန်ပိုင်းမှ စတင်ကာ ULA သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများအတွက် အဓိကကျသော ဇာတ်ကောင် တစ်ဦးအဖြစ် ပေါ်ထွက်လာခဲ့သည်။ ရိုဟင်ဂျာ အသိုင်းအဝန်းနှင့် ဆက်ဆံရေးသည် အရေးကြီးသော အလှည့်အပြောင်း လမ်းစပေါ်ရောက်ရှိနေပြီဖြစ်သော်လည်း ရှေ့ဆက်သွားမည့်လမ်းကြောင်းသည် ရှုပ်ထွေးပွေလီလှသော စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေဆဲဖြစ်သည်။ ULA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင် က ရိုဟင်ဂျာတွေ နေရပ်ပြန်ပို့ရေးကိစ္စနဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ ဆက်ဆံမှုအပေါ် သူ့ရဲ့ ရပ်တည်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ပြီး၊ ရိုဟင်ဂျာအကျပ်အတည်းအတွက် ပြေလည်မှုရရန် ဘင်္ဂလားဒေ့ရှ် အစိုးရနှင့် ညှိနှိုင်းရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ULA သည် လိုချင်သော တုံ့ပြန်မှုကို မရရှိသေးပေ။ ဗိုလ်ချုပ်ထွန်းမြတ်နိုင် မှ ရိုဟင်ဂျာအကျပ်အတည်းဖြေရှင်းရန် ဘင်္ဂလားဒေ့ရှ်မှ မူဝါဒရေးဆွဲသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပြီး၊ ၎င်းအနေဖြင့် ထိုအကျပ်အတည်းအတွက် ကောင်းမွန်သော ရလဒ်ကို စောင့်မျှော်နေကြောင်းလည်း ပြောကြားခဲ့သည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီး ၏ ရခိုင်ပြည်ခရီးစဉ် နှင့် ၎င်း၏ ရိုဟင်ဂျာ ပြန်လည်ထူထောင်ရေး နှင့် ပတ်သတ်သည့် အစီအစဉ်များကို ဗိုလ်ချုပ်ထွန်းမြတ်နိုင် က သံသယ ရှိနေဆဲဖြစ်သည်။ မြန်မာစစ်တပ်၏ မတည်မငြိမ်ဖြစ်မှုနှင့် မှန်းဆမရသော အခြေအနေများကို ကိုးကား၍ နေရပ်ပြန်ပို့ရေး အခြေအနေသည် အဆင်မပြေသေးကြောင်း ဗိုလ်ချုပ်ထွန်းမြတ်နိုင်မှ အလေးပေးပြောကြားခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် အပစ်အခတ်ရပ်စဲရေး၏ မသေချာမရေရာသော အနေအထားများသည် ပြဿနာဖြေရှင်းရန် တပ်မတော်၏ ကတိကဝတ်များအပေါ် မယုံကြည်မှုကို ဖြစ်ပေါ်စေပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် အစိုးရကြား အွန်လိုင်းတွေ့ဆုံဆွေးနွေးမှုများ ပြန်လည် စတင်ခဲ့ပြီး၊ မတ်လ တွင် "မူဆလင် ၇၀၀" ကို ပြန်လည် လက်ခံသွားမည်ဟု ရခိုင်ပြည်စစ်ကောင်စီ မှ အစီရင်ခံ ထုတ်ပြန်ခဲ့သော်လည်း ၎င်းနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို နှစ်ဖက်လုံးမှ ထုတ်ပြန်ခြင်းမရှိသေးချေ။ ရခိုင်ပြည်တွင် အာရက္ခတပ်တော် (AA)၏ လွှမ်းမိုးနိုင်မှုမှာ ပိုမို ကျယ်ပြန့်လာပြီး ရိုဟင်ဂျာများ နေရပ်ပြန်နိုင်ရေး ကိစ္စသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အာရက္ခတပ်တော်၏ ကြိုးပမ်းမှုမှာ မရှိမဖြစ်လိုအပ်သော အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။

ULA/AA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင် မှ ၎င်းတို့အဖွဲ့အစည်းအနေဖြင့် နေရပ်ပြန်ပို့ခြင်းကို ဆန့်ကျင်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး၊ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်လိုသည်မှာ သဘာဝ ကျ သည် ဟု ဝန်ခံထားသည်။ သို့ရာတွင် လက်ရှိအခြေအနေများသည် ထိုလုပ်ငန်းစဉ်အတွက် လုံလောက်သော တည်ငြိမ်မှု မရှိသေးကြောင်း နှင့် ဒုက္ခသည်များ အလုံးအရင်း ပြန်လာခြင်းသည် ဒေသတွင်း "မငြိမ်မသက်မှု" ကို တဖန် ဖြစ်စေနိုင်သည် ဟူ လည်း သတိပေးခဲ့သည်။ ရိုဟင်ဂျာအများစုကို တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် ရှုမြင်နေကြဆဲဖြစ်သည့် ရခိုင်လူမျိုးများအကြား အာရက္ခတပ်တော် AA ၏ ရိုဟင်ဂျာများ နေရပ်ပြန်ပို့ရေး ကို အားပေးထောက်ခံခြင်းမှာ AA အတွက် ထိလွယ်ရှလွယ်သော ကိစ္စဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ AA သည်

တရားဝင်အုပ်ချုပ်သူအဖြစ် နိုင်ငံတကာအသိအမှတ်ပြုမှုကို လက်ခံရရှိနိုင်ရန်အတွက် လူဦးရေအကန့်အသတ်ဖြင့် ရိုဟင်ဂျာများ နေရပ်ပြန်လာနိုင်ရေးကို လက်ခံသဘောတူနိုင်သည့် အနေအထားတွင်ရှိသည်။ နိုင်ငံတကာအသိုင်းအဝန်းမှ လုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် လည်း AA ၏ ရိုဟင်ဂျာနေရပ်ပြန်နိုင်ရေး လုပ်ဆောင်ချက်ကို အားပေးသင့်သည်။

နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်သည် AA ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍ အရေးပါမှု ကို ထည့်သွင်း စဉ်းစားလာသည်။ AA သည် ဘင်္ဂလားဒေ့ရှ် အစိုးရ နှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်သည် အိမ်နီးချင်းနိုင်ငံများ၏ အချုပ်အခြာအာဏာကို စိန်ခေါ်သည့် တော်လှန်ရေးတပ်ဖွဲ့များ နှင့် ထိတွေ့ဆက်ဆံမှုကို ရှောင်ရှားရမည်ဟုသော ၎င်း၏ မူဝါဒ ကြောင့် AA နှင့် တိုက်ရိုက်ဆက်ဆံရင် တွန့်ဆုတ်နေဆဲဖြစ်သည်။ သို့ရာတွင် AA သည် ရိုဟင်ဂျာဒုက္ခသည်များ နေထိုင်ရာ နယ်နိမိတ်အများစုကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝ ထိန်းချုပ်ထားပြီး၊ AA နှင့် မြန်မာစစ်အစိုးရကြား ပဋိပက္ခများ လျော့နည်းလာသဖြင့် ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏ ရပ်တည်ချက်ကို ပြန်လည်စဉ်းစားရန် လိုအပ်လာပြီ ဖြစ်သည်။ AA နှင့် နေပြည်တော်အုပ်ချုပ်သူတို့ကြား အပစ်အခတ်ရပ်စဲရေးကို တရားဝင် အကောင်အထည်ဖော်မည်ဆိုပါက ဒက္ကာ သည် ၎င်း၏ချဉ်းကပ်မှုကို မကြာမီအချိန်အတွင်း ပြုပြင်ပြောင်းလဲလာနိုင်သည်။

## (၆) SAC မှ ရိုဟင်ဂျာများအား စစ်မှုထမ်းစေခိုင်းခြင်း နှင့် ULA အား စွပ်စွဲချက်များ

၂၀၁၀ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေ ကို အခြေခံ၍ စစ်ကောင်စီမှ အတင်းအဓမ္မ စစ်မှုထမ်းစေခိုင်းခြင်း သည် ရိုဟင်ဂျာ နှင့် ရခိုင် အသိုင်းအဝိုင်းကြား တင်းမာမှုကို ဆိုးရွားစေခဲ့သည်။ ဥပဒေအရ အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီးများ နှင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားများ စစ်မှုထမ်းဥပဒေအရ အကျုံးဝင်ပြီး၊ စစ်မှုထမ်းရန် ငြင်းဆန်ပါက ထောင်ဒဏ်ကျခံရနိုင်သည်။ စစ်မှုထမ်းဥပဒေသည် နိုင်ငံသားဖြစ်ခွင့် ကန့်သတ်ခံထားရသော ရိုဟင်ဂျာများအပေါ်တွင် လည်း သက်ရောက်မှုရှိသည်။ ကာလရှည်ကြာ အပယ်ခံထားရပြီး နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံထားရသည့် ရိုဟင်ဂျာများကို ၎င်းတို့အပေါ် ယခင်က ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ရှိသည့် စစ်တပ်မှ တပ်သားစုဆောင်းခြင်းအတွက် ပစ်မှတ်ထားခံနေရသောကြောင့် စစ်မှုထမ်းခြင်းဥပဒေသည် ရခိုင်ဒေသတွင်း လူမှုဆက်ဆံရေး တည်ငြိမ်မှုကို ဆိုးရွားလာစေခဲ့သည်။ စစ်မှုထမ်းဥပဒေမူကြမ်းကို တရားဝင်အကောင်အထည်ဖော်ခြင်းမပြုသေးမီ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် စစ်တပ်မှ ရိုဟင်ဂျာအမျိုးသားများကို တပ်သားစုဆောင်းခြင်းများလုပ်ဆောင်ခဲ့ပြီး စစ်မှုထမ်းရန် ငြင်းဆန်ခဲ့သော ရိုဟင်ဂျာ ၁၀၀ ခန့် ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလလယ် ညဥ့်နက်တွင် ဒုက္ခသည် စခန်း ခေါင်းဆောင်မှ မိုဟာမက် အား တပ်သားစုဆောင်းရေးအတွက် ခေါ်ဆောင်ရန် ချဉ်းကပ်ခဲ့ပုံကို BBC (ဘီဘီစီ) သတင်းတစ်ပုဒ်အရ သိရသည်။ ထိုစခန်းခေါင်းဆောင်မှ ထိုသို့ တပ်သားစုဆောင်းခြင်းသည် တပ်မတော်၏ ညွှန်ကြားချက်အရ ဖြစ်ကြောင်း နှင့် စစ်မှုထမ်းရန်ငြင်းဆန်ပါက မိုဟာမက်၏ မိသားစုအတွက် အန္တရာယ်ရှိကြောင်း ခြိမ်းခြောက်ခဲ့သည်ဟုတ်လည်းသိရသည်။ တခြား ရိုဟင်ဂျာများ ကလည်း တပ်မတော်အရာရှိများ (ဒုက္ခသည်) စခန်းများသို့လာရောက်ပြီး ရိုဟင်ဂျာလူငယ်များ စစ်သင်တန်း မဖြစ်မနေ တက်ရန် ညွှန်ကြားထားကြောင်း BBC (ဘီဘီစီ) သို့ အတည်ပြုခဲ့သည်။ သို့သော်လည်း မတူကွဲပြားသော အစီရင်ခံစာများတွင် ရိုဟင်ဂျာအားလုံးကို မြန်မာစစ်အစိုးရမှ အတင်းအကြပ် စုဆောင်းခြင်း မဟုတ်ဘဲ ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့များ၊ စစ်ကောင်စီ အားပေးထောက်ခံသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များ သည် ၎င်းတို့ ဆန္ဒအလျောက် စစ်ကောင်စီနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သူများလည်း ရှိနေကြောင်း ဖော်ပြထားပါသည်။

နည်းပရိယာရ်ဟောင်းများကဲ့သို့ပင် စစ်တပ်သည် ရိုဟင်ဂျာ နှင့် ရခိုင်အသိုင်းအဝိုင်းကြား တင်းမာမှုများကို အတင်းအကြပ်တပ်သားစုဆောင်းခြင်း နှင့် အကြပ်ကိုင်ခြင်းများဖြင့် ၂၀၁၂ ခုနှစ် လူမျိုးတုံးသတ်ဖြတ်ရေး လှုပ်ရှားမှုတွင် အသုံးပြုခဲ့သည့် နည်းဗျူဟာများကို ထပ်တလဲလဲ အသုံးပြုနေသည်ဟု လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့က

ဆိုသည်။ မတ်လ နှောင်းပိုင်းတွင် တပ်မတော်မှ ဘူးသီးတောင် နှင့် စစ်တွေမြို့နယ်များရှိ ရိုဟင်ဂျာများကို အာရက္ခတပ်တော်ဆန့်ကျင့်ရေး ဆန္ဒပြပွဲများတွင် အတင်းအကြပ်ပါဝင်စေခဲ့ပြီး၊ ပါဝင်ရန် ငြင်းဆိုသူများအား ဖမ်းဆီးခြင်း၊ နေအိမ်များကို မီးရှို့ခြင်း နှင့် လက်နက်ကြီးပစ်ခတ်ခြင်း စသည့် ခြိမ်းခြောက်မှုများဖြင့် ဆန္ဒပြပွဲတွင်ပါဝင်ရန် ဖိအားပေးခဲ့သည်။ ဤဆန္ဒပြပွဲများသည် ရခိုင် ပြည်နယ် မတည်မငြိမ်ဖြစ်စေရန် စစ်တပ်က ကြိုးကိုင်နေခြင်း ဖြစ်နိုင်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက မှတ်ချက်ပြုခဲ့သည်။

ရှမ်းပြည်နယ်တွင်စတင်ခဲ့သည် “၁၀၂၇ စစ်ဆင်ရေး” နောက်ဆက်တွဲ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်တွင်း လက်နက်ကိုင်တိုင်ပွဲများ ပြန်လည်ဖြစ်ပွားလာပြီး အထူးသဖြင့် ဘူးသီးတောင်မြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားချိန်တွင် ရိုဟင်ဂျာ ဒေသခံ အများအပြား ထိခိုက်ခဲ့ပြီး၊ နေရပ်စွန့်ခွာခဲ့ကြရသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အစီရင်ခံစာအရ ဘူသီးတောင်ဒေသတွင်း တိုက်ပွဲများကြောင့် ရိုဟင်ဂျာ ၇၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး ၊ ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် အများစုမှာ ဘူးသီးတောင်ဒေသ အနောက်ဘက် နှင့် တောင်ဘက် သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ ရသည်။ အာရက္ခတပ်တော်မှ ဘူးသီးတောင်မြို့ရှိ မြန်မာစစ်တပ် စခန်းအားလုံးကို သိမ်းယူခဲ့ကြောင်း မေလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဧပြီလတွင် ရိုဟင်ဂျာ ၂၄၀,၀၀၀ ခန့် နေထိုင်ရာ ဘူးသီးတောင် နှင့် မောင်တောမြို့များတွင် လက်နက်ကိုင်ပဋိပက္ခများ ကြီးထွားလာခဲ့ပြီး၊ ဘူးသီးတောင်မြို့တွင်း နှင့် မြို့အနီးတဝိုက်ရှိ တိုင်းရင်းသား ကျေးရွာများကို မီးရှို့မှုတွင် မြန်မာစစ်တပ် နှင့် ၎င်း၏ မဟာမိတ်ရိုဟင်ဂျာ လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်ပတ်သတ်နေကြောင်းကို အစီရင်ခံစာများ၊ ဂြိုလ်တုဓာတ်ပုံများနှင့် ပြည်တွင်းမီဒီယာများက ဖော်ပြကြသည်။ အစီရင်ခံစာတွင် ဘူးသီးတောင်မြို့ ရပ်ကွက် ၂ မှ ထွက်ပြေးလွတ်မြောက်လာသူ တစ်ဦးက “တိုက်ပွဲ စတင်မဖြစ်ပွားခင် အာရက္ခတပ်တော်က မြို့ကို ဝိုင်းထားပြီးနောက် လက်နက်ကြီးများ စတင်ပစ်ခတ်ပြီး၊ နေအိမ်များကို မီးရှို့တာကြောင့် ထိတ်လန့်တကြားထွက်ပြေးခဲ့ကြရပြီး၊ မီးလောင်နေတဲ့ အဆောက်အဦးတွေထဲ သက်ကြီးရွယ်အို နှင့် ကလေးတွေကို ချန်ထားခဲ့ကြရတယ်” ဟု ဖော်ပြထားသည်။ AA ၏ နယ်စပ်ဒေသထိန်းချုပ်နိုင်ရေး တိုက်ပွဲများဖော်ဆောင်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ လုပ်ဆောင်ခဲ့သည်ဟုသော စွပ်စွဲပြောဆိုမှုများ များပြားလာခဲ့ပြီး အများဆုံးသော စွပ်စွဲချက်များမှာ ရိုဟင်ဂျာဖက်မှ စွပ်စွဲခြင်းများဖြစ်သည်။ ULA သည် စွပ်စွဲချက်များကို ငြင်းဆိုလေ့ရှိပြီး နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများသည် ရခိုင်နှင့် ဒေသတွင်းရှိ အခြားလူနည်းစုများအပေါ် မြန်မာစစ်အစိုးရနှင့် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ ကျူးလွန်သည့် ရက်စက်ယုတ်မာမှုများကို ဖော်ပြရန် ပျက်ကွက်ကြောင်း ထောက်ပြခဲ့သည်။

# အပိုင်း (၅) နိဂုံး

အာရကန်ဟု သိကြသည့် ရခိုင်ပြည်နယ်သည် ၂၁ ရာစုတွင် ဖွံ့ဖြိုးမှု နောက်အကျဆုံး၊ မတည်ငြိမ်ဆုံး၊ ပဋိပက္ခအများဆုံးနှင့် တစ်သီးတခြားဖြစ်နေသော ဒေသတစ်ခုဖြစ်သည်။ အာရကန်သည် ရခိုင်ရိုးမ နှင့် မြန်မာနိုင်ငံ၏ အခြားသော ဒေသများက ဝန်းရံထားသော်လည်း ယင်း၏ တစ်ခုတည်းသော နိုင်ငံတကာ နယ်နမိတ်ဖြစ်သည့် ဘင်္ဂလားနယ်စပ်သည် ကုန်သွယ်ရေး၊ ဆက်သွယ်ဆောင်ရွက်ရေးနှင့် နယ်စပ် အလည်အပတ်အစား စစ်ရေး ပဋိပက္ခ၊ လူမျိုးရေး ပဋိပက္ခ၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု၊ လူကုန်ကူးမှု နှင့် မူယစ်ဆေးဝါးကုန်သွယ်မှုက နေရာ ယူထားသည်။ ရခိုင်ပြည်နယ်၏ လူဦးရေ အများဆုံးနှင့် ဒုတိယ အများဆုံး ဖြစ်သည့် ရခိုင်နှင့် ရိုဟင်ဂျာတို့သည်လည်း ဘာသာစကား နှင့် ယဉ်ကျေးမှု ကွဲပြားမှုများကြောင့် ပြိုင်ဆိုင်မှု များဖြစ်လာပြီး တစ်ဖက်အပေါ်တစ်ဖက်က အမြင်နှင့် ၎င်းတို့တည်ရှိမှုနဲ့ပတ်သက်၍ သမိုင်းကြောင်းဆိုင်ရာ အငြင်းပွား မှုများ မကြာခဏ ဖြစ်ပေါ်လေ့ ရှိသည်။ ရခိုင်များက ရိုဟင်ဂျာများအား ဗြိတိသျှ ကိုလိုနီခေတ်က အာရကန်ဒေသသို့ ဝင်ရောက်လာသည့် စစ်တကောင်း ဘင်္ဂလီများမှ ဆင်းသက်လာသူများဟု စွပ်စွဲကြချိန် ရိုဟင်ဂျာများက ၎င်းတို့သည် ကိုလိုနီ မတိုင်မီကပင် ရှိနေသည့် တိုင်းရင်းသား လူမျိုးတစ်ခုဖြစ်ကြောင့် ပြောဆိုကြသည်။ ၁၉၄၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေး ပဋိပက္ခသည် ဒုတိယ ကမ္ဘာစစ်ကြောင့် ဖြစ်ပေါ် ခဲ့သည့် နိုင်ငံရေး လစ်ဟပ်မှုနှင့် ယန္တယဆိုင်ရာ လစ်လပ်မှုကြောင့် ဖြစ်သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရသည့် အချိန်ကပင် နှစ်ဖက်အသိုင်းအဝိုင်းများနှင့် အရေးကြီး ပုဂ္ဂိုလ်များ၏ မတူညီသော နိုင်ငံရေး ရည်မှန်းချက်များကြောင့် ထိတွေ့မှုများ ဖြစ်တတ်သည်။ ရခိုင်ခေါင်းဆောင်များက ကိုယ်ပိုင်အုပ်ချုပ်ရေး (သို့) အချုပ်အခြာ အာဏာပိုင်ရေး တောင်းဆိုချိန် ရိုဟင်ဂျာ များက ဗဟိုအစိုးရ နှင့် နားလည်မှု တည်ဆောက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေး (သို့) တိုက်ခိုက် ရယူရေး ဖြစ်သည်။ နိုင်ငံရေး မျိုးဆက် အဆက်ဆက် ပေါ်ထွန်းလာသော်လည်း ဗဟိုအစိုးရကို ဆန့်ကျင်သော နိုင်ငံရေး လုပ်ရှားမှု ထိရောက်သော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးတွဲ လုပ်ဆောင်ခြင်းများ မရှိခဲ့ပေ။ အသိုင်းအဝိုင်း နှစ်ခု၏ မူရင်း လိုအပ်ချက်များက ပျက်လွယ်သော ယုံကြည်မှုနှင့် အခြားသော အဖွဲ့အစည်းများက ချပေးသည့် လမ်းစများကိုလည်း အနှောက်အယှက် ဖြစ်စေသည်။

နှစ်ဖက် အသိုင်းအဝိုင်းတွင် နိုင်ငံရေးနှင့် လူမှု သဟဇာတ ကင်းမဲ့ခြင်းမှာ ဗမာပြည် ဗဟိုအစိုးရ၏ ခွဲခြား အုပ်ချုပ်ရေး မဟာဗျူဟာ၏ အကျိုးဆက်ဖြစ်သည်ကို တွေ့နိုင်သည်။ ရခိုင်လူထုက အစိုးရသည် ရိုဟင်ဂျာများအား ရခိုင်တို့၏ လုပ်ရှားမှုများကို ဟန့်တားရန် အသုံးချကြောင့် ယုံကြည်ကြသော်လည်း ရိုဟင်ဂျာများက အစိုးရသည် ရခိုင်များနှင့် ဘာသာချင်းတူ ၊ ယှဉ်ကျေးမှုချင်း တူညီသောကြောင့် ရခိုင်များအား အလေ့ထားကြောင့် ယုံကြည်ကြသည်။ ဤကံဆိုးမောက်မှိုင်ကျမှု၏ အဓိက အကြောင်းအရင်း မှာ ကိုလိုနီခေတ် နောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေး ကျရှုံးမှုကြောင့် ဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှု မရှိသော အုပ်ချုပ်ရေးကြောင့် ဖြစ်သည်။ ရိုဟင်ဂျာများသည် ဗမာအစိုးရ၏ တည်ရှိရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ကြုံတွေ့ ရပြီး အဓိက အားဖြင့် ၁၉၇၀ ခုနှင့် ၁၉၉၀ ခု ဝန်းကျင်တို့တွင် ကြုံခဲ့ရသည်။ ထိုအတူ ရခိုင်များသည်လည်း မြောက်ဦးခေတ် ကျဆုံးသည့် အချိန်မှ ၁၉၄၈ ခု လွတ်လပ်ရေး ရပြီးသည့် အချိန်အထိ ဖိနှိပ်မှု အမျိုးမျိုး ကြုံတွေ့ခဲ့ကြသည်။ နှစ်ဖက် အသိုင်းအဝိုင်း၏ လက်နက်ကိုင် တော်လှန်ရေးများက ဗမာစစ်တပ်၏ နိုင်ငံရေး လှည့်ကွက်များကို အဖြေရှာင်းကြဘဲ အပြန်အလှန် ဖိနှိပ်ရန်သာ အားရုံစိုက်ခဲ့ကြသည်။

၂၀၁၀ ခုနှစ် နိုင်ငံရေး အဖွင့်ကာလတွင် အသိုင်းအဝိုင်းနှစ်ဖက်က တစ်ဖက်ကို တစ်ဖက် ပြိုင်ဖက်အဖြစ် ရှုမြင်ခဲ့ကြသည်။ အနိုင်အရှုံး အားပြိုင်မှု အမြင့်ဆုံး အခြေအနေသည် ၂၀၁၂ လူမျိုးရေး အကြမ်းဖက်မှုတွင် ပေါ်လွင်ခဲ့သည်။ ဤသည်ကား အစိုးရ၏ အကြမ်းဖက်မှု တားစီးရေး အစီအမံ မအောင်မြင်ခြင်း၏ နမူနာ တစ်ခုလည်းဖြစ်သည်။ မြန်မာ စစ်တပ်၏ ၂၀၁၇ ခု ARSA အကြမ်းဖက်မှုကို အင်းအား အလွန်အကျွံဖြင့် တုန့်ပြန်ခဲ့သောကြောင့် ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်သို့ အစုလိုက်အပြုံလိုက်

ထွက်ပြေးခဲ့ရသည်။ လုံခြုံမှုနှင့် လေးစားမှုမရှိဟု ခံစားလာကြသောကြောင့် နှစ်ဖက်အသိုင်းအဝိုင်းနှင့် အထူးသဖြင့် ရခိုင်အသိုင်းအဝိုင်းတွင် လက်နက်ကိုင်တော်လှန်ရေးသာ ဖြစ်နိုင်ခြေ ရှိသော နည်းလမ်းတစ်ခုဖြစ်လာသည်။ ULA/AA ၏ လက်နက်ကိုင် လုပ်ရှားမှု အထူးသဖြင့် ၂၀၁၈ နောက်ပိုင်း ပေါ်ထွန် လာသောကြောင့် ရခိုင်ဒေသတွင် ရခိုင်၊ ရိုဟင်ဂျာ နှင့် ဗမာ အာဏာပိုင်များကြားတွင် သြဇာ အာဏာ အားပြိုင်မှုများ ဖြစ်လာခဲ့ကြသည်။ ၂၀၂၀ ခု နိုဝင်ဘာလ အပစ်အခတ်ရပ်စဲချိန် ULA က နေရာအများစုကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး ရခိုင်ပြည်တွင် အဓိက အင်းအားစုတစ်ခုဖြစ်လာသည်။ များစွာသော ရိုဟင်ဂျာများ သည်လည်း ရခိုင်အဖွဲ့အစည်းတစ်ခုအဖြစ် ရှုမြင်ကြသော ULA ၏ အာဏာအောက်တွင် ရောက်ရှိသွားခဲ့ သည်။

၂၀၂၁ ခု စစ်အာဏာသိမ်းပြီးနောက် လူမျိုးစု နှစ်ခုလုံးသည် တူညီသော ခံယူချက်ဖြင့် မတူညီသော နည်းလမ်းများမှ တုံ့ပြန်ခဲ့ကြသည်။ ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းနှစ်ခုလုံးသည် ၎င်းတို့၏ ကိစ္စအပေါ် NLD အစိုးရ၏ ကိုင်တွယ်ဖြေရှင်းပုံနှင့် ပတ်သက်၍ ကျေနပ်အားရမှု မရှိခဲ့ပေ။ ထို့ကြောင့် စစ်တပ် အာဏာ သိမ်းမှုကလည်း ၎င်းတို့၏ အခြေအနေသည် ကောင်းလာမည်လည်းမဟုတ် ဆိုးရွားလာမည်လည်း မဟုတ်ဟု ရှုမြင်ခဲ့ကြသည်။ အသိုင်းအဝိုင်းနှစ်ခုလုံးက စစ်တပ်ဦးဆောင်သော အာဏာရှင်စနစ်သည် အားနည်းသောကြောင့် ယင်းသည် ၎င်းတို့အတွက် အခွင့်အရေး တစ်ခုအဖြစ် ရှုမြင်ကြသည်။ ရခိုင် အသိုင်းအဝိုင်း အထူးသဖြင့် ULA က နိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီ လုပ်ရှားမှုတွင် မပါဝင်ဘဲ ၎င်းတို့၏ ကိုယ်ပိုင် လမ်းစဉ်အတိုင်းသာ လျှောက်လှမ်းမည်ဖြစ်ကြောင့် ကတိပေး ပြောဆိုထားသည်။ ရိုဟင်ဂျာများ ထိုလုပ်ရှားမှု တွင် မပါဝင်နိုင်ခဲ့သည့် အကြောင်းအရင်း များစွာရှိသည်။ အာဏာသိမ်းပြီး ၃ နှစ်အကြာ AA က မြို့နယ်အများ စု သိမ်းထားပြီးချိန် ရိုဟင်ဂျာ အသိုင်းအဝိုင်းက AA ၏ လုပ်ဆောင်ချက်နှင့် ရည်ရွယ်ချက်များကို ယုံကြည်မှု အားနည်းသည်။ ULA နှင့် လူမှုအသိုင်းအဝိုင်း များက စတင်ခဲ့သည့် လူမှုသဟဇာတ ကြိုးပမ်းမှု၏ ရလဒ်က လူမျိုးရေး တင်းမာမှုနှင့် အတူ အားပျော့သွားသည်ကို တွေ့ခဲ့ရသည်။ အသိုင်းအဝိုင်းနှစ်ခုကြားတွင် လူမျိုးရေး တင်းမာမှုနှင့် လူမှုသဟဇာတကိစ္စတို့သည် စိန်ခေါ်မှုအများဆုံးရှိသည့် ကိစ္စရပ်များ အဖြစ်ဆက်ရှိနေသေး သည်။ ထိုကြောင့် လူတို့၏ အာရုံတွင် အားပြိုင်မှု၊ အငြင်းပွားမှုများနှင့် သမိုင်းကြောင်းဆိုင်ရာ ကိစ္စရပ်များ တွင် အပြန်အလှန် ဖယ်ရှားထားမှုများ ဖြစ်နေသည်။ အပြင်းထန်ဆုံး အခြေအနေတွင် အသိုင်းအဝိုင်းနှစ်ခုကြားက အားပြိုင်မှုနှင့် အငြင်းပွားမှုသည် လက်နက်ကိုင် ပဋိပက္ခ နှင့် တုတ်၊ ဓား များနှင့် အခြားသော သေစေနိုင်သည့် လက်နက်ဖြင့် တိုက်ခိုက်ကြသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဆင့်သို့ ရောက်သွား တတ်သည်။ ထိုအပြင် အသိုင်းအဝိုင်းများနှင့် အခြားသောအရေးပါသောလူများက ပြဿနာ၏ ဇာတ်မြစ်ကို မြင်သည့် အမြင်ကလည်း ကွဲလွဲ ကြသည်။ ရခိုင်များက ပြဿနာ၏ ဇာတ်မြစ်သည် အချုပ်အခြာ အာဏာဆုံးရှုံးခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိသောကြောင့်ဟု မှတ်ယူပြီး ရိုဟင်ဂျာများကမူ ရိုဟင်ဂျာ အဖြစ်အသိအမှတ်ပြု မခံရခြင်းနှင့် တိုင်းရင်းသား လူမျိုးစုတစ်ခုအဖြစ် အဆင့်အတန်း ရရှိရေးတို့ ဖြစ်သည်။